## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
## သတ္တမနေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၅ ရက်**

**(၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်)**

**(အင်္ဂါနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့ အစီအစဉ် စတင်ပါတော့မယ်။

### ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၁ ဦး ရှိတဲ့အနက် ၃၆၁ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၅.၇၅ ရာခိုင်နှုန်း ရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့အစီအစဉ်များအတိုင်း ဆက်လက် ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၃-၉-၂၀၁၄ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး သတ္တမနေ့အစည်းအဝေးသို့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးအနေဖြင့် တင်ပြပါ့မယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ချီဖွေမဲဆန္ဒနယ်မှ ဦးဇုံးတိန့် ခွင့် ၄ ရက်၊

(၂) မလှိုင်မဲဆန္ဒနယ်မှ ဦးအေးမောက် ခွင့် ၄ ရက်၊

(၃) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးလွန်းသီ ခွင့် ၄ ရက်၊

(၄) တောင်သာမဲဆန္ဒနယ်မှ ဦးအောင်သောင်း ခွင့် ၁ ရက်၊

(၅) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမောင်မောင်အေး ခွင့် ၁ ရက်၊

(၆) ပင်လည်ဘူးမဲဆန္ဒနယ်မှ ဦးဝင်းသိန်း ခွင့် ၁ ရက်၊

(၇) လေရှီးမဲဆန္ဒနယ်မှ ဦးရှိသီး ခွင့် ၁ ရက်၊

(၈) လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမောင်တင် ခွင့် ၁ ရက်၊

(၉) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင် ခွင့် ၁ ရက်၊

(၁၀) ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး ခွင့် ၁ ရက်၊

(၁၁) မြောင်းမြမဲဆန္ဒနယ်မှ ဦးမန်းဂျော်နီ ခွင့် ၂ ရက်၊

(၁၂) ဖြူးမဲဆန္ဒနယ်မှ ဦးညွန့်လှိုင် ခွင့် ၃ ရက်နှင့်

(၁၃) ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးသန့်ဇင် ခွင့် ၂ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၁ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄၇ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၃ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၆၀ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက် ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**[** သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။**]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**မူကြမ်း**

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပြဋ္ဌာန်းပြီးနောက် အဂတိလိုက်စားမှုနှင့်ပတ်သက်၍ တိုင်ကြားမှုနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဖွဲ့စည်းပြီးနောက် ပေါ်လွင်ထင်ရှားသော တိုင်ကြားမှုအရေအတွက် မည်မျှရှိသည်ကိုသိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားရသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ အားလုံးသိတဲ့အတိုင်း ကျွန်တော်တို့နိုင်ငံရဲ့ အဂတိလိုက်စားမှုအခြေအနေကို နိုင်ငံတကာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့က အစီရင်ခံတဲ့အခါမှာ အားလုံး ၁၇၇ နိုင်ငံမှာ ကျွန်တော်တို့နိုင်ငံက ၁၅၇ အဆင့်မှာရှိပါတယ်ဆိုတဲ့အကြောင်းကို ၂၀၁၄ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့က Eleven သတင်းစာမှာ ဖော်ပြခဲ့ပါတယ်။ အဲ့ဒီတော့ အရင်ထက်စာရင်တော့ ကျွန်တော်တို့ရဲ့အဆင့်ဟာ တစ်စုံတစ်ရာတိုးတက်လာတဲ့အခြေအနေပါ။ သို့သော် ဘာဖြစ်ဖြစ်။ အဂတိလိုက်စားမှုဟာ ကျွန်တော်တို့ တရားသူကြီးချုပ်ဖြစ်ခဲ့တဲ့ ဦးသိန်းမောင် ထောက်ပြခဲ့ သလို အဂတိလိုက်စားမှုများတဲ့တိုင်းပြည်ဟာ တရားကို မတရားလုပ်ပြီးတော့ မတရားတာကို တရားလုပ်တဲ့အတွက် ဒီတိုင်းပြည်ပျက်မှာပဲဆိုပြီးတော့ ထောက်ပြလမ်းညွှန်ခဲ့တာ အထောက်အထားတွေရှိပါတယ်။ ဒီလိုပါပဲ ကျွန်တော်တို့ နှစ်ပေါင်းများစွာ အဂတိလိုက်စားမှုကြီးထွားလာတဲ့အတွက် အင်မတန်မှ သယံဇာတကြွယ်ဝတဲ့ ကျွန်တော်တို့နိုင်ငံဟာ ဖွံ့ဖြိုးရေးအနိမ့်ကျဆုံးနဲ့ အဆင်းရဲဆုံးပြည်သူတွေ ယနေ့အထိ ဒီအကျိုးဆက်ကို ခံနေကြရပါတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်က သန့်ရှင်းတဲ့ အစိုးရ၊ ကောင်းမွန်တဲ့အုပ်ချုပ်ရေး ထူထောင်မယ်လို့ မူဝါဒချတာကို ကျွန်တော်တို့ လွှတ်တော်တက်ကတည်းက ကျွန်တော်တို့ ထောက်ခံခဲ့ပါတယ်။ အဲ့ဒီအပြင် ကျွန်တော့်အနေနဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့မှန်ကန်တဲ့ ဦးဆောင်မှုအောက်ကနေပြီးတော့ ဒီပြည်သူ့လွှတ်တော်ကြီးမှာ အဂတိလိုက်စားမှုတားမြစ်ရေးကော်မရှင်ဖွဲ့ဖို့၊ အဂတိလိုက်စားမှုတားမြစ်ရေးဥပဒေကြမ်းများ တင်သွင်းနိုင်တဲ့ အခွင့်အလမ်းရခဲ့ပါတယ်။ အခုဆိုလို့ရှိရင် ၇-၈-၂၀၁၃ ခုနှစ်မှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေကို အတည်ပြုပြီးတော့ အခု ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလမှာဆိုရင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှာပါတဲ့အဖွဲ့ဝင်စာရင်းကို နိုင်ငံတော်သမ္မတကြီးက ပြည်ထောင်စုလွှတ်တော်ကို ပေးပို့လာခဲ့ပြီးဖြစ်ပါတယ်။ အဲ့ဒါကြောင့် ဒီလိုပြောင်းလဲလာတဲ့ အခြေအနေတွေအပေါ်မှာမူတည်ပြီးတော့ ဥက္ကဋ္ဌကြီးမှ တစ်ဆင့်မေးမြန်းလိုတဲ့မေးခွန်းများကတော့ (က) ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပြဋ္ဌာန်းပြီးနောက် ယနေ့အထိ အဂတိလိုက်စားမှုနှင့်ပတ်သက်၍တိုင်ကြားမှုပေါင်း

အရေအတွက် မည်မျှရှိပါသနည်း။ (ခ) ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် လာဘ်ပေး လာဘ်ယူပပျောက်ရေးကော်မရှင်၊ ယခု အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဖွဲ့စည်းပြီးနောက် တွင်တိုင်ကြားစာများအနက် ပေါ်လွင်ထင်ရှားသောအမှုအရေအတွက် မည်မျှရှိပါသနည်း။ (ဂ) အဂတိ လိုက်စားမှုတိုက်ဖျက်ရေးဥပဒေတွင် ပြဋ္ဌာန်းထားသော လာဘ်ပေးလာဘ်ယူမှုဖြင့် ကြွယ်ဝချမ်းသာမှု ကြောင့်ရရှိသည့်ငွေကြေးနှင့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရန် မည်ကဲ့သို့ အရေးယူ ဆောင်ရွက်ထားပါသနည်း။ (ဃ) အခွင့်ထူးခံ စီးပွားရေးလုပ်ငန်းရှင်များနှင့် အခွင့်အာဏာအလွဲ သုံးစားမှုများအပေါ် နိုင်ငံသားများ တိုင်ကြားနိုင်ရေးအတွက် တိုင်ကြားသူများကို မည်ကဲ့သို့ ကာကွယ် ပေးထားမည်ကို သိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ပြန်လည်ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမြဝင်း(ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဦးစွာပထမဂါရဝ ပြုနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးမြဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်မှ မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းများကို ပြန်လည် ဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။ မေးခွန်း(က)အနေနဲ့ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့တွင် အဂတိ လိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပြဋ္ဌာန်းပြီးနောက် ယနေ့အထိ အဂတိလိုက်စားမှုနဲ့ပတ်သက်၍ တိုင်ကြားမှုပေါင်း အရေအတွက်မည်မျှရှိသနည်းဆိုတဲ့ မေးခွန်းနဲ့ပတ်သက်လို့ ဖြေကြားရမယ်ဆိုရင် ကျွန်တော်တို့ကော်မရှင် စတင်ဖွင့်လှစ်ခဲ့တဲ့ ၁၀-၃-၂၀၁၄ ရက်နေ့မှ ၂၁-၈-၂၀၁၄ ရက်နေ့အထိ အဂတိလိုက်စားမှုနဲ့ပတ်သက်ပြီး တိုင်ကြားခြင်းအပါအဝင် တိုင်ကြားစာပေါင်း ၅၃၃ စောင်ရရှိခဲ့ပါ တယ်။ တိုင်ကြားစာတွေကတော့ မြေယာမှု ၁၇၀ မှု၊ တရားရေး ၉၅ မှု၊ အုပ်ချုပ်ရေး ၂၃၈ မှုနဲ့ အထွေထွေ ၃၀ မှုတို့ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

မေးခွန်း(ခ)အနေနဲ့ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့မှာ လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေးကော်မရှင်၊ ယခု အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဖွဲ့စည်းပြီးနောက်မှာ

တိုင်ကြားစာများအနက် ပေါ်လွင်ထင်ရှားသောအရေအတွက် မည်မျှရှိပါသနည်းဆိုတဲ့ မေးခွန်းနဲ့ ပတ်သက်လို့ ဖြေကြားရမယ်ဆိုရင် တိုင်ကြားစာပေါင်း ၅၃၃ စောင်မှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၂၂ ပုဒ်မခွဲ(ခ)အရ အရေးကြီးတဲ့ သက်သေခံချက်များမပါတဲ့ တိုင်စာ ၁၆၇ စောင် ရှိပါတယ်။ တိုင်ကြားစာမှာ အရေးကြီးတဲ့ သက်သေခံချက်များမပါတဲ့အပြင် ဥပဒေပုဒ်မ ၂၂ ပုဒ်မခွဲ(ဂ) အရအရေးကြီးတဲ့ သက်သေခံချက်အသစ်မပါရှိတဲ့ ထပ်မံတိုင်ကြားစာ ၁၀၈ စောင်ရှိပါတယ်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို လွှဲပြောင်းပေးပို့ထားတဲ့တိုင်ကြားစာ ကိုးစောင်ရှိပါတယ်။ ကော်မရှင်အား မိတ္တူသာပေးပို့ထားတဲ့ တိုင်စာ ၉၈ စောင်၊ ပစ်စာ ၁၄ စောင် ဖြစ်ပါတယ်။ သက်ဆိုင်ရာ ဝန်ကြီးဌာနအသီးသီးကို ဆောင်ရွက်ရန် လွှဲပြောင်းပေးပို့တဲ့တိုင်စာအနေနဲ့ ၄၂ စောင်ရှိပြီးတော့ ဆောင်ရွက်မှုအခြေအနေကို ပြန်ကြားဖို့ ၁၇ စောင်တောင်းခံထားတဲ့အနက် ၁၃ စောင်မှာ ပြန်ကြားချက် ရရှိပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအသီးသီးကို အရေးယူဆောင်ရွက်ဖို့ပေးပို့တဲ့တိုင်စာ ၉၂ စောင်ရှိပြီးတော့ ဆောင်ရွက်မှုအခြေအနေကိုပြန်ကြားရန် ၄၈ စောင်ရှိတဲ့အနက် ၂၃ စောင် ပြန်ကြားချက်ရရှိပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ပေးပို့လာတဲ့ တိုင်ကြားစာများထဲမှ ပေါ်လွင်ထင်ရှားပြီးတော့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနဲ့ ငြိစွန်းတဲ့အတွက် စုံစမ်းစစ်ဆေးမှုပြုလုပ်ခဲ့တဲ့အမှုအရေအတွက်က သုံးမှုရှိပါတယ်။ အဲ့ဒီအမှုတွေမှာကတော့ (၁) ရန်ကင်းမြို့နယ်တရားရုံးမှတွဲဖက်မြို့နယ် တရားသူကြီးအပေါ် တိုင်ကြားမှုဖြစ်ပြီးတော့ ၎င်းအမှုကို ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်မှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၅၆၊ တရားမကျင့်ထုံးဥပဒေ ၅၁၂ ဖြင့် တရားစွဲဆိုခဲ့ပြီး ဖြစ်ပါတယ်။ (၂) ဟုမ္မလင်းမြို့နယ်၊ တရားသူကြီး နှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးရန် ပြည်ထောင်စုအစိုးရအဖွဲ့ (နိုင်ငံတော်သမ္မတ)က တာဝန်ပေးထားတဲ့အတွက် စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းပြီး စုံစမ်းစစ်ဆေးခဲ့ရာမှာ အဂတိလိုက်စားမှုကျူးလွန်ကြောင်း ငြိစွန်းပေါ်ပေါက်တဲ့အတွက် တရားစွဲတင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ (၃) မွန်ပြည်နယ်၊ သထုံခရိုင်၊ မူးယစ်အထူးတပ်ဖွဲ့မှ တာဝန်ခံနဲ့ပတ်သက်ပြီး တိုင်ကြားမှုကို ကော်မရှင်ကနေပြီးတော့ စုံစမ်းစစ်ဆေးရေးအဖွဲ့နဲ့ စစ်ဆေးဆောင်ရွက်နေဆဲဖြစ်ပါတယ်။ နောက်မေးခွန်း(ဂ)အနေနဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေမှာ ပြဋ္ဌာန်းထားသော လာဘ်ပေးလာဘ်ယူမှုဖြင့် ကြွယ်ဝချမ်းသာမှုကြောင့် ရရှိလာသည့်ငွေကြေးနှင့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် မည်ကဲ့သို့အရေးယူဆောင်ရွက်ထားပါသနည်းဆိုတဲ့ မေးခွန်းနဲ့ပတ်သက်လို့ ဖြေကြားရမယ်ဆိုရင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာမှုကြောင့် ရရှိတဲ့ငွေကြေးနဲ့ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေး

**မူကြမ်း**

ဥပဒေပုဒ်မ ၁၉၊ ပုဒ်မ ၂၀၊ ပုဒ်မ ၂၈ ပုဒ်မခွဲ(ခ)၊ ပုဒ်မ ၅၁၊ ပုဒ်မ ၅၂၊ ပုဒ်မ ၅၃ တို့နှင့်အညီ အရေးယူဆောင်ရွက်သွား ရမှာဖြစ်ပါတယ်။ ဆောင်ရွက်ရမယ့်နည်းလမ်းနဲ့ လုပ်ကိုင်ရမယ့်အစီအစဉ် အသေးစိတ်ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးနည်းဥပဒေ(မူကြမ်း)မှာ ထည့်သွင်းရေးဆွဲထားပါကြောင်းဖြေကြားအပ်ပါတယ်။

မေးခွန်း(ဃ)အနေနဲ့ အခွင့်ထူးခံစီးပွားရေးလုပ်ငန်းရှင်များနဲ့ အခွင့်အာဏာ အလွဲသုံးစားမှုများ အပေါ် နိုင်ငံသားများ တိုင်ကြားနိုင်ရေးအတွက် တိုင်ကြားသူကို မည်ကဲ့သို့ကာကွယ်ပေးထားမည်ကို သိလိုပါကြောင်းနှင့်စပ်လျဉ်းသည့်မေးခွန်းနဲ့ ပတ်သက်၍ ဖြေကြားရမယ်ဆိုလျှင် အခွင့်ထူးခံစီးပွားရေး လုပ်ငန်းရှင်များနှင့် အခွင့်အာဏာအလွဲသုံးစားမှုများအပေါ် နိုင်ငံသားများက တိုင်ကြားနိုင်ရေး အတွက် ကော်မရှင်ကနေပြီးတော့ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့မှာ သတင်းထုတ်ပြန်ကြေညာချက်ကိုပြည်သူများသိရှိအောင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ အဲ့ဒီထုတ်ပြန်ချက် အပိုဒ် ၆၊ အပိုဒ် ၇၊ အပိုဒ် ၈ တို့မှာတိုင်ကြားရာမှာ ပြည့်စုံစွာ ပါရှိရမယ့်အချက်များကို ဖော်ပြထားပါတယ်။ တိုင်ကြားတဲ့နေရာမှာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း အရေးကြီးတဲ့ သက်သေခံချက်ပါရှိရန် လိုအပ်ပါတယ်။ ခိုင်လုံတဲ့အထောက်အထားနဲ့ သတင်းပေးတဲ့ အတွက် ဖော်ထုတ်အရေးယူနိုင်တဲ့ကိစ္စတွေမှာ သတင်းပေးသူကို လိုအပ်တဲ့အကာအကွယ်ပေးဖို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၁၇ ပုဒ်မခွဲ(ဈ)မှာ ပြဋ္ဌာန်းထားပါတယ်။ အဲ့ဒီပြဋ္ဌာန်းချက် ပေါ်မူတည်ပြီးတဲ့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ(မူကြမ်း)မှာလည်း ထည့်သွင်းရေးဆွဲ ထားပါတယ်။ တကယ်လို့ တိုင်ကြားသူပေါ်မှာ အန္တရာယ်ကျရောက်နိုင်တဲ့ အခြေအနေပေါ်ပေါက် လာရင် လိုအပ်တဲ့အကာအကွယ်၊ စောင့်ရှောက်မှုကိုပြုနိုင်ဖို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၁၇ ပုဒ်မခွဲ(င)နဲ့အညီ ပြည်ထဲရေးဝန်ကြီးဌာနနဲ့ အကူအညီရယူဆောင်ရွက်သွားရန် စီမံထားရှိပါကြောင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နည်းဥပဒေ ၁၄၄ နည်းဥပဒေခွဲ(ဃ)အရ ဆက်စပ်မေးခွန်းမေးခွင့်ပြုပါ။ နံပါတ်(၁)က ကော်မရှင် ဥက္ကဋ္ဌဖြေကြားချက်မှာ နည်းဥပဒေမူကြမ်းပြုစုနေပြီဖြစ်တဲ့အတွက် နောင်တိုင်ကြားသူများဘက်က ပြည့်ပြည့်စုံစုံဆောင်ရွက်နိုင်တော့မယ့် အခြေအနေပေါ်ပေါက်တဲ့အတွက် နည်းဥပဒေမူကြမ်းကို ဘယ်အချိန်လောက်မှာ လွှတ်တော်ကို ပေးပို့နိုင်မလဲဆိုတဲ့အချက် နံပါတ်(၁)ပေါ့။ နံပါတ်(၂) ဒီအရေးကြီးတဲ့ သက်သေခံချက်လို့ပြောတဲ့အခါမှာ လာဘ်ပေးလာဘ်ယူဆိုတာက အခန်းထဲမှာ

နှစ်ကိုယ်ချင်းပေးသလို၊ လမ်းကြောင်းအမျိုးမျိုးနဲ့ ယူခဲ့တဲ့ ပုံသဏ္ဍာန်တွေလည်း ကျွန်တော်တို့အားလုံး ကြားသိပြီးသားဖြစ်ပါတယ်။ ဒါကြောင့် သွယ်ဝိုက်တဲ့ သက်သေခံချက် ဒါမှမဟုတ်လို့ရှိရင် ကျော်ဇော သတင်းပေါ့။ ဥပမာဆိုရင် ခုနက ဥက္ကဋ္ဌတင်ပြသွားတဲ့အထဲမှာ တရားသူကြီးတွေနဲ့ပတ်သက်ရင် မကြာခင် ဇူလိုင်လက Eleven သတင်းစာမှာပဲဖော်ပြထားတဲ့ လာဘ်ငွေ သိန်းငါးဆယ်ယူသူ တရားသူကြီး ဒေါ်ခင်လဲ့လဲ့အား ဒု-မြို့နယ်တရားသူကြီးအဖြစ် ရာထူးချလိုက်တယ်ဆိုတဲ့ ကျော်ဇော သတင်းရှိတဲ့ ပုဂ္ဂိုလ်များကိုလည်း ကော်မရှင်အနေနဲ့ အဘယ်ကဲ့သို့ အရေးယူမယ်ဆိုတာကို သိလို ကြောင်းဥက္ကဋ္ဌကြီးမှတစ်ဆင့် ထပ်ဆင့်မေးခွန်းမေးမြန်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကော်မရှင်ဥက္ကဋ္ဌအနေနဲ့ ပြန်လည်ဖြေကြားနိုင်ရင် ဖြေကြားဖို့ဖြစ်ပါတယ်။

**ဦးမြဝင်း(ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်)**။ ။ ခုနက လွှတ်တော် ကိုယ်စားလှယ်ကြီးမေးတဲ့ နည်းဥပဒေပြီးစီးမယ့်အခြေအနေကတော့ ကျွန်တော်တို့ ကော်မရှင်အဖွဲ့ အနေနဲ့ စတင်ဖွင့်လှစ်တဲ့ မတ်လ ၁၀ ရက်နေ့နောက်ပိုင်းမှာ နည်းဥပဒေရေးဆွဲရေးကို ကျွန်တော်တို့ ဖွဲ့တယ်။ ဥပဒေပညာရှင်ရယ်၊ ကျွန်တော်တို့ကော်မရှင်အဖွဲ့တွေနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ ဆောင်ရွက်ပြီးတဲ့နောက် ၈-၈-၂၀၁၄ ရက်နေ့မှာ ရှေ့နေချုပ်ရုံးကို ဥပဒေအကြံပြုချက် တင်ပြ သတ်မှတ်ထားခြင်းဖြစ်ပါတယ်။ အဲဒီကပြန်လာပြီးရင်တော့ ဆက်လက်တင်ပြမှုဆောင်ရွက်ပြီးတဲ့ အချိန်မှာ နည်းဥပဒေက ပြီးပြတ်သွားမှာဖြစ်ကြောင်း ဖြေကြားလိုပါတယ်။ နောက် တရားသူကြီး တစ်ယောက်ကိစ္စနှင့်ပတ်သက်လို့ပြောရရင်တော့ ကျွန်တော်တို့မှာတော့ ဥပဒေပုဒ်မ ၂၁၊ ၂၂၊ ၂၃ ကို အခြေခံပြီးတော့။ ကိုအမှားပြင်ပါခင်ဗျ။ ပုဒ်မ ၂၂(က)၊ (ခ)၊ (ဂ)ကို အခြေခံပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်တာဖြစ်တဲ့အတွက် ဒါပေါ်မူတည်ပြီးမှပဲ ခိုင်မာတဲ့အထောက်အထား၊ ခိုင်မာတဲ့ အရေးကြီး တဲ့သက်သေခံချက်ရှိတယ်ဆိုရင်တော့ ကျွန်တော်တို့ဆောင်ရွက်လို့ရကြောင်း ဖြေကြားအပ်ပါတယ် ခင်ဗျား။

**ပြည်ထောင်စုအစိုးရက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအား မည်ကဲ့သို့စီမံဆောင်ရွက်နေသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဦးဝင်းမြင့်၊ ပုသိမ်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဝင်းမြင့်(ပုသိမ်မဲဆန္ဒနယ်)။** ။ လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ အဂတိလိုက်စားမှုများဟာ အာဏာရှင်နိုင်ငံ၊ စနစ်တစ်ခုမှ စနစ်တစ်ခုသို့ ကူးပြောင်းနေဆဲနိုင်ငံ၊ ဒီမိုကရေစီတစ်ပိုင်းတစ်စနိုင်ငံ၊ ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံးနိုင်ငံတွေမှာဖြစ်ပွားလေ့ရှိတယ်ဆိုတာ ပညာရှင်တွေကသတ်မှတ်ကြပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ဒီအကြောင်းအရာအချက်အလက်များနှင့် အကျုံးဝင်သလိုဖြစ်နေပါတယ်။ မြန်မာနိုင်ငံတစ်ဝန်း အကျင့်ပျက်ခြစားမှုများ၊ လာဘ်ပေးလာဘ်ယူမှုများရှိနေကြောင်း Transparency International အဖွဲ့ကြီးကအဂတိလိုက်စားမှုအကဲဖြတ်ညွှန်းကိန်း Corruption Perception Index အရ သိရပါတယ်။ နိုင်ငံအနှံ့အပြား အဂတိလိုက်စားမှုများကြောင့် နိုင်ငံတကာအလယ်တွင် တိုင်းပြည်ရဲ့ ပုံရိပ်ကို ထိခိုက်စေပါတယ်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးဆိုးကျိုးများလည်း သက်ရောက်စေပါတယ်။ အလေးအနက်ထားဆောင်ရွက်ရမယ့် အမျိုးသားရေးကိစ္စတစ်ရပ်ဖြစ်ပါတယ်။ ဒါကြောင့် ပြည်ထောင်စုလွှတ်တော်ကလည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။

ဒါ့အပြင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကိုလည်း ဖွဲ့စည်းပြီး တာဝန်ပေးအပ်ခဲ့တာတွေ့ရှိရပါတယ်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို တိတိကျကျလိုက်နာဆောင်ရွက်မှုမရှိရင် ဥပဒေအာနိသင်ရှိမှာမဟုတ်သလို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကလည်း ထိထိရောက်ရောက်အကောင်အထည်ဖော်နိုင်မှုမရှိလျှင် ဥပဒေရဲ့ ရည်ရွယ်ချက်ပေါက်မြောက်အောင်မြင်မည်မဟုတ်ပါ။ ဒါဆိုရင် ရင်းနှီးမြှုပ်နှံမှုများအတွက် အဟန့်အတားဖြစ်စေပြီး တိုင်းပြည်ရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ယုတ်လျော့စေပါတယ်။ နိုင်ငံရေးမတည်မငြိမ်ဖြစ်ပွားမှုကို ဦးတည်စေပါတယ်။ ဆန်ခိုးမမိ ဖွဲခိုးမိတဲ့ အခြေအနေများလည်း ကြားနေရပါတယ်။ အဂတိလိုက်စားတဲ့ကိစ္စများဟာ အာဏာနှင့်လုပ်ပိုင်ခွင့်ရှိသူတွေဆီမှာ ဖြစ်ပေါ်တတ်ကြပါတယ်။ ဒီနေရာမျိုးတွေကို စနစ်တကျစစ်ဆေးပြီး အရေးယူသင့်ပါတယ်။ မသိကျိုးကျွန်ပြုနေခြင်း၊ သက်သာခွင့်တို့၊ ခြွင်းချက်တို့ ပေးထားခြင်းတို့ရှိနေရင် သက်ဆိုင်ရာတာဝန်ရှိသူတွေမှာ အပြစ်မကင်းနိုင်ပါ။ လက်ဆောင်ပစ္စည်းများ လက်ခံရယူရာတွင် ကျပ်သုံးသိန်းကျော်လွန်သည့် ပစ္စည်းလက်ခံပါက လာဘ်ပေးလာဘ်ယူမှုအဖြစ် သတ်မှတ်မည်ဆိုတဲ့စကားဟာ ပြည်သူတွေကြားမှာ ရေပန်းစားနေပါတယ်။ ဒါဟာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး

မူကြမ်း

ဥပဒေပါပြဋ္ဌာန်းချက်များနှင့်ညီ/မညီ။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဖွဲ့စည်းထားမှုနှင့် ဆီလျော်မှုရှိ/မရှိနှင့် ဤဥပဒေအား မည်ကဲ့သို့ စီမံဆောင်ရွက်နေသည်ကိုသိလိုပါသဖြင့် လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ် ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ယခု ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ရဲ့မေးခွန်းနှင့် စပ်လျဉ်းလို့ ကျွန်တော် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ၁၉၄၈ ခုနှစ်၊ အက်ဥပဒေအမှတ်(၆၇)နဲ့ အဂတိလိုက်စားမှု တားမြစ်ရေးအက်ဥပဒေကို ပြဋ္ဌာန်းပြီးတော့ အဂတိလိုက်စားမှုတိုက်ဖျက်ဖို့အတွက် အရေးယူ ဆောင်ရွက်ခဲ့ပါသည်။ ပြောင်းလဲလာတဲ့ ခေတ်စနစ်များအရလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများနှင့်အညီ ဆောင်ရွက်နိုင်ဖို့အတွက်လည်းကောင်း ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့ မှာ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၂၃)နဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြဋ္ဌာန်း ခဲ့ပါတယ်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၄ မှာ ဖော်ပြထားတဲ့ ရည်ရွယ်ချက်များမှာ -

(က) လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးကို အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ်ဆောင် ရွက်ရန်၊

(ခ) သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ဖြစ်ထွန်းရန်၊

(ဂ) အများပြည်သူဆိုင်ရာအုပ်ချုပ်ရေးတွင် ဂုဏ်သိက္ခာနှင့် တာဝန်ယူနိုင်မှု မြင့်မားတိုးတက် လာစေရန်၊

(ဃ) လာဘ်ပေးလာဘ်ယူများကြောင့် နိုင်ငံတော်ပိုင်ပစ္စည်းများ၊ လူ့အဖွဲ့အစည်းများနှင့် နိုင်ငံသားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို ထိခိုက်မှုမရှိစေရေးအတွက် အကာအကွယ်ပေးရန်၊

(င) လာဘ်ပေးလာဘ်ယူမှုကျူးလွန်သူများအား ထိရောက်စွာအရေးယူရန်၊

**မူကြမ်း**

(စ) တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများမှာ ပိုမိုပွင့်လင်းမြင်သာမှုရှိပြီး ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်တို့ ဖြစ်ပါတယ်။

ပြဋ္ဌာန်းထားရှိတဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအရ နိုင်ငံတော်သမ္မတရုံးရဲ့ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက် ရက်စွဲပါအမိန့်အမှတ် (၆/၂၀၁၄)နဲ့ လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးကော်မရှင်ကို ဖွဲ့စည်းခဲ့ပါတယ်။ သို့ရာတွင် ဥပဒေပါအမည်၊ အခေါ်အဝေါ်များပြောင်းလဲရန်နှင့် ကော်မရှင်ဥက္ကဋ္ဌ အပါအဝင် အဖွဲ့ဝင်များရဲ့အဆင့်အတန်း သတ်မှတ်နိုင်ဖို့အတွက် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၃၂)နဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကို ပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီပြင်ဆင်ချက်ဥပဒေမှာ လာဘ်ပေးလာဘ်ယူမှုစကားရပ်ကို အဂတိလိုက်စားမှုဟူ၍လည်းကောင်း၊ လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးစကားရပ်ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဟူ၍လည်းကောင်း အသီးသီးအစားထိုး ပြဋ္ဌာန်းထားရှိခဲ့ပါတယ်။

အဲဒီလိုပြင်ဆင်ချက်များအရ နိုင်ငံတော်သမ္မတရုံးရဲ့အမိန့်အမှတ်(၁၉/၂၀၁၄)နဲ့ လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးကော်မရှင်ကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖြစ် အမည်ပြောင်းလဲဖွဲ့စည်းခဲ့ပါတယ်။ အဆိုပါကော်မရှင်ရဲ့ လုပ်ငန်းတာဝန်တွေကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၁၆ ပုဒ်မခွဲ(က)မှ ပုဒ်မခွဲ(ဏ)အထိလည်းကောင်း၊ ကော်မရှင်ရဲ့ လုပ်ပိုင်ခွင့်များကို ပုဒ်မ ၁၇ ပုဒ်မခွဲ(က)မှ ပုဒ်မခွဲ(ဈ)အထိလည်းကောင်း ပြဋ္ဌာန်းသတ်မှတ်ထားပါတယ်။ ကော်မရှင်ဟာ စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအရဖြစ်စေ၊ ရရှိတဲ့ အခြားခိုင်လုံတဲ့ သတင်းအချက်အလက်အရဖြစ်စေ တရားစွဲဆိုခြင်းနှင့်ပတ်သက်လို့လည်း ဒီဥပဒေပုဒ်မ ၁၈ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ခ)တို့မှာ ပြဋ္ဌာန်းထားရှိပါတယ်။

သို့ဖြစ်ပါ၍ ကော်မရှင်အနေနဲ့ ပြဋ္ဌာန်းထားရှိတဲ့ တည်ဆဲဥပဒေနှင့်အညီ အဂတိလိုက်စားမှုများနှင့်သက်ဆိုင်တဲ့ တိုင်စာတွေကို လက်ခံစိစစ်ပြီး စုံစမ်းစစ်ဆေးရေးအဖွဲ့ဖွဲ့စည်း၍ စစ်ဆေးဆောင်ရွက်ခြင်းနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး နည်းဥပဒေကြမ်း ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**ဦးဝင်းမြင့်(ပုသိမ်မဲဆန္ဒနယ်)**။ ။ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တစ်စပ်တည်း မေးခွန်းမေးခွင့်ပြုပါလို့ ကျွန်တော် ခွင့်တောင်းပါတယ်။ ကျွန်တော့်မေးခွန်းက ကျွန်တော်သိချင်တာက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃ ပုဒ်မခွဲ(က)မှာ ကျွန်တော်တို့ လာဘ်ပေးလာဘ်ယူမှု

ဆိုတာမှာ အခဲပွာယ်ဖွင့်ထားပါတယ်။ အဲဒီမှာ တံစိုးလက်ဆောင်ကို မိမိအတွက်၊ အခြားသူအတွက်၊ အဖွဲ့အစည်းအတွက်ပေးခြင်း၊ လက်ခံခြင်း၊ ရယူခြင်း၊ ရယူရန်အားထုတ်ခြင်းစသည်ဖြင့် ပြဋ္ဌာန်းထားပါတယ်။ သို့သော် အခုပြည်သူတွေကြားမှာ ရေပန်းစားနေတဲ့ ကျွန်တော်ခုနက ပြောတဲ့ လက်ဆောင်ပစ္စည်းများလက်ခံရယူရာတွင် ကျပ်သုံးသိန်းကျော်လွန်သည့်ပစ္စည်းများလက်ခံပါက လာဘ်ပေးလာဘ်ယူမှုအဖြစ် သတ်မှတ်မည်ဆိုတဲ့စကားရှိပါတယ်။ ရေပန်းစားနေတယ်။ ဒါကြောင့်မို့လို့ ဒီဟာက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပါ ပြဋ္ဌာန်းချက်နှင့်ညီ/မညီ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဖွဲ့စည်းထားမှုနှင့် ဆီလျော်မှုရှိ/မရှိ။ ဒါလေးကိုပဲ ကျွန်တော်သိချင်တာပါ။

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုအစိုးရအနေနဲ့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ပါတယ်။ ဒီ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေအခန်း(၃) ကော်မရှင်ဖွဲ့စည်းခြင်းနှင့် တာဝန်နှင့်လုပ်ပိုင်ခွင့်များထဲမှာ ဒီကော်မရှင်နှင့်ပတ်သက်ပြီးတော့မှ ဆောင်ရွက်ရမယ့်လုပ်ငန်းတာဝန်အသီးသီးကိုလည်း သတ်မှတ်ခဲ့ပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အခုလွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ မေးခွန်းတွေနဲ့ပတ်သက်ပြီးတော့မှ သက်ဆိုင်ရာကော်မရှင်ကနေပြီးတော့မှ ဥပဒေနှင့်အညီ ဆောင်ရွက်ရမယ့်ကိစ္စရပ်သာ ဖြစ်ပါကြောင်း ကျွန်တော့်အနေနဲ့ တင်ပြအပ်ပါတယ်။

**တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ မီးသတ်ယာဉ်များကို မည်ကဲ့သို့ စီစဉ်ထားရှိသည်နှင့် ရေးမြို့နယ်တွင် မီးသတ်ယာဉ် မည်မျှရှိသည်ကို သိလိုခြင်း၊ လူဦးရေထူထပ်၍ မီးသတ်ယာဉ်မရှိသော ကျေးရွာများသို့ မီးသတ်ယာဉ်ထားရှိရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါ်မိမြင့်သန်း၊ ရေးမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်မိမြင့်သန်း(ရေးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ကျွန်မအနေနဲ့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ရှင့်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ရဲ့ မြန်မာနိုင်ငံမှာ ဥတုသုံးပါးရှိတဲ့အနက်မှာ အပူပြင်းဆုံးနွေရာသီတွင် မိဘပြည်သူများအနေနဲ့ မီးဘေးအန္တရာယ်ကို မကြာခဏစိုးရိမ်ထိတ်လန့်နေရပါသဖြင့် မီးသတ်ဌာနအနေနဲ့ နွေရာသီရောက်ရင် မီးဘေးအန္တရာယ်ကိုကာကွယ်ရန် မည်ကဲ့သို့ အစီ

အမံများဆောင်ရွက်ထားတာကို မဲဆန္ဒရှင်ပြည်သူများနဲ့ လွှတ်တော်အတွေ့အကြုံရှင်းလင်းပွဲမှာ ပြည်သူများရဲ့မေးမြန်းခြင်း အများဆုံးအမေးခံရတဲ့မေးခွန်းတစ်ခု ဖြစ်ပါတယ်ရှင်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ရဲ့မွန်ပြည်နယ်မှာ ရော်ဘာစိုက်ခင်း အများဆုံး စိုက်ပျိုးထားတဲ့ ပြည်နယ်တစ်ခုလည်း ဖြစ်ပါတယ်။ ရော်ဘာပင်ဟာ လောင်စာလောင်ကျွမ်းမှုကို အားပေး သောလောင်စာပင်တစ်မျိုးလည်း ဖြစ်ပါတယ်ရှင့်။ သို့ဖြစ်ပါ၍ ကျွန်မ၏မဲဆန္ဒနယ်မြေဖြစ် သော ရေးမြို့နယ်သည် နှစ်စဉ်နှစ်တိုင်းရော်ဘာခြံများစတင်ပြီးတော့ မီးလောင်ကျွမ်းမှုအများဆုံးရှိနေ တာကိုလည်း လေ့လာတွေ့ရှိရပါတယ်။ မီးပေါ့ဆခြင်းကြောင့်ဖြစ်စေ၊ မတော်တဆမီးကြောင့်ဖြစ်စေ လောင်ကျွမ်းမှုဖြစ်နေရင် မီးငြိမ်းသတ်ရန်အတွက် မီးသတ်ကားအလုံအလောက်မရှိတာကိုလည်း ကျွန်မအနေနဲ့ လေ့လာသိရှိခဲ့ရပါတယ်ရှင်။ ဒါကြောင့် ကျွန်မအနေနဲ့ ဥက္ကဋ္ဌကြီးကနေတစ်ဆင့် မေးချင် တဲ့မေးခွန်း လေးခုရှိပါတယ်။ (၁) မြန်မာနိုင်ငံတွင် စုစုပေါင်းမီးသတ်ယာဉ်မည်မျှရှိပါသလဲ။ (၂) ၎င်း မီးသတ်ယာဉ်များထားရှိမှုကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် မည်ကဲ့သို့စီစဉ်ထားပါသနည်း။ (၃) ကျွန်မတို့ရဲ့ ရေးမြို့နယ်မှာဆိုရင် မြို့နယ်ခွဲနှစ်ခုနဲ့ ဖွဲ့စည်းထားတဲ့ မြို့နယ်သုံးမြို့နယ် ရှိပါတယ်ရှင်။ ဒါကြောင့် မြို့နယ်သုံးမြို့နယ်အတွင်းမှာ မီးသတ်ယာဉ်မည်မျှရှိကြောင်း သိရှိလိုပါတယ်။ (၄) လူဦးရေ ထူထပ်၍ မီးသတ်ယာဉ်မရှိသောကျေးရွာများကို မီးသတ်ယာဉ်ထားရှိဖို့ အစီအစဉ်ရှိ/မရှိဆိုတာကို ပြည်သူများကိုယ်စား မေးမြန်းရတာဖြစ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါ သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုမွန်ပြည်နယ်၊ ရေးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်မိမြင့်သန်းရဲ့ မေးခွန်းနှင့် စပ်လျဉ်းလို့ ကျွန်တော်မှ ဆက်လက်ရှင်းလင်း ဖြေကြား တင်ပြသွားမှာ ဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနမှာ မီးငြိမ်းသတ်ယာဉ် ၇၆၀ စီး၊ မီးသတ်ရေသယ်ယာဉ် ၅၈၂ စီး၊ မီးသတ်စက်ယာဉ် ၃၆၇ စီး၊ အထောက်အကူပြုယာဉ် ၇၄ စီး စုစုပေါင်းမီးသတ်ယာဉ် ၁၇၃၈ စီး ရှိပါတယ်။ ၂၀၁၄ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့ကထုတ်ပြန်တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးရဲ့ စာအမှတ်၊ ၅/၂၅၇/အဖရ(၃၄/၂၀၁၃)နဲ့ မီးသတ်ဦးစီးဌာန၊ မြို့နယ် မီးသတ်စခန်း ၃၃၀ ခုနဲ့ နယ်မြေမီးသတ်စခန်း ၄၂၈ ခုတို့ကို တိုင်းဒေသကြီး/ပြည်နယ်များမှာ တိုးချဲ့ ဖွဲ့စည်းရန် ခွင့်ပြုမိန့်ရရှိခဲ့ပြီးဖြစ်ပါတယ်။ မြို့နယ်မီးသတ်စခန်းတစ်ခုမှာ ဦးစီးအရာရှိ ဦးစီးအင်အား

ကိုးဦး ပါဝင်တဲ့ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ရုံးတစ်ရုံး၊ ဒုတိယမီးသတ်ဦးစီးမှူး ဦးစီးအင်အား ၂၈ ဦး၊ မီးငြိမ်းသတ်ယာဉ် နှစ်စီး၊ မီးသတ်ရေသယ်ယာဉ် တစ်စီး၊ မီးသတ်စက်ယာဉ်တစ်စီး စုစုပေါင်း မီးသတ်ယာဉ် လေးစီးပါဝင်တဲ့ မြို့နယ်မီးသတ်စခန်းတစ်ခုဖြင့်လည်းကောင်း၊ နယ်မြေမီးသတ် စခန်းတစ်ခုမှာ လက်ထောက်မီးသတ်ဦးစီးမှူး ဦးစီးအင်အား ကိုးဦး၊ မီးငြိမ်းသတ်ယာဉ် တစ်စီး၊ မီးသတ်ရေသယ်ယာဉ် တစ်စီး စုစုပေါင်း မီးသတ်ယာဉ် နှစ်စီးဖြင့်လည်းကောင်း ဖွဲ့စည်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနကွပ်ကဲမှုအောက်မှာရှိတဲ့ မီးသတ်စခန်းများရဲ့ အသုံးစရိတ်များကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှ စတင်လို့ သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့ဘဏ္ဍာငွေမှ ကျခံသုံးစွဲဖို့ ပြင်ဆင်သတ်မှတ်ခဲ့ပြီးဖြစ်တဲ့အတွက်ကြောင့် ဖွဲ့စည်းပုံနဲ့အညီ လိုအပ်ချက်များကို ထပ်မံဖြည့်တင်းနိုင်ဖို့အတွက် တိုင်းဒေသကြီး/ပြည်နယ် မီးသတ်ဦးစီးဌာနမှူးများကနေ တစ်ဆင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့ထံကို ဘဏ္ဍာရေးနှစ်အလိုက် ဘဏ္ဍာငွေ တင်ပြတောင်းခံ ဆောင်ရွက်လျက်ရှိပါတယ်။

မွန်ပြည်နယ်အတွင်း မီးသတ်စခန်းနဲ့ မီးသတ်ယာဉ်များ ဖြန့်ခွဲတာဝန်ချထားမှုအခြေအနေမှာ မော်လမြိုင်မြို့နယ်မှာ ပြည်နယ်ရုံးတစ်ရုံး၊ မီးသတ်စခန်းငါးခု၊ မီးသတ်ယာဉ် ၁၅ စီး၊ မုဒုံမြို့နယ်မှာ မီးသတ်စခန်းခြောက်ခု၊ မီးသတ်ယာဉ် ၁၂ စီး၊ သံဖြူဇရပ်မြို့နယ်မှာ မီးသတ်စခန်း ငါးခု၊ မီးသတ်ယာဉ် ၁၁ စီး၊ ရေးမြို့နယ်မှာ မီးသတ်စခန်း ၁၁ ခု၊ မီးသတ်ယာဉ် ၁၄ စီး၊ ကျိုက်မရောမြို့နယ်မှာ မီးသတ်စခန်းခြောက်ခု၊ မီးသတ်ယာဉ်ကိုးစီး၊ ချောင်းဆုံမြို့နယ်မှာ မီးသတ်စခန်းတစ်ခု၊ မီးသတ်ယာဉ်သုံးစီး၊ သထုံမြို့နယ်မှာ မီးသတ်စခန်းသုံးခု၊ မီးသတ်ယာဉ်ခြောက်စီး၊ ဘီးလင်းမြို့နယ်မှာ မီးသတ်စခန်းနှစ်ခု၊ မီးသတ်ယာဉ်လေးစီး၊ ပေါင်မြို့နယ်မှာ မီးသတ်စခန်းသုံးခု၊ မီးသတ်ယာဉ်ငါးစီး၊ မုတ္တမမြို့နယ်မှာ မီးသတ်စခန်းတစ်ခု၊ မီးသတ်ယာဉ်နှစ်စီး၊ ကျိုက်ထိုမြို့နယ်မှာ မီးသတ်စခန်းလေးခု၊ မီးသတ်ယာဉ် ရှစ်စီးတို့ဖြင့် ဖြန့်ခွဲဆောင်ရွက်လျက်ရှိပါတယ်။ မွန်ပြည်နယ်၊ ရေးမြို့နယ်မှာ မြို့သုံးမြို့၊ ရပ်ကွက် ၁၄ ရက်ကွက်၊ ကျေးရွာအုပ်စု ၃၀ စု၊ ကျေးရွာပေါင်း ၁၃၉ ရွာ၊ အိမ်ခြေ ၃၇၉၇၆ လုံး၊ အိမ်ထောင်စု ၄၂၁၅၅ စု၊ လူဦးရေ ၂၃၅၂၄၄ ဦးနဲ့ ဌာနဆိုင်ရာအဆောက်အဦ ၇၃ လုံးရှိပါတယ်။ ၁၀ နှစ်အတွင်း မီးလောင်မှု ၄၀ ကြိမ်ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးအနေနဲ့ ၂၁၄၈၃၅၈၀၀ ကျပ် ဖြစ်ပါတယ်။ လက်ရှိ ရေးမြို့နယ်မှာ ဒုတိယမီးသတ်ဦးစီးမှူးဦးစီးအင်အား ၁၁ ဦး၊ မီးသတ်ယာဉ် နှစ်စီး၊ အရန်မီးသတ်စခန်း ၁၀ ခုမှာ အရန်မီးသတ်တပ်ဖွဲ့ဝင်အင်အား ၁၀၇၃ ဦး၊ မီးသတ်ယာဉ် ၁၂ စီးတို့နဲ့ ရေးမြို့နယ်ရဲ့ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

**မူကြမ်း**

ခွင့်ပြုမိန့်ရရှိထားတဲ့ ဖွဲ့စည်းပုံအသစ်အရ ရေးမြို့နယ်မှာ မြို့နယ်မီးသတ်စခန်းတစ်ခု၊ လမိုင်း နှင့် ခေါဇာမြို့နယ်များမှာ နယ်မြေမီးသတ်စခန်းတစ်ခုစီ တိုးချဲ့ဖွင့်လှစ်နိုင်ဖို့ အဆောက်အဦနဲ့ ဝန်ထမ်း နေအိမ်များ ဆောက်လုပ်နိုင်ရေးအတွက် မြေနေရာရရှိရေး မွန်ပြည်နယ်မီးသတ်ဦးစီးဌာနမှူးရုံးရဲ့ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်စွဲပါစာအမှတ်၊ ၁၀၇၇/၁၅/၁/ထောက်-၃(ခ)ဖြင့် မွန်ပြည်နယ်အစိုးရ အဖွဲ့ကို တင်ပြဆောင်ရွက်ထားရှိပါတယ်။ မြေနေရာရရှိပါက ဖွဲ့စည်းပုံနှင့်အညီ အဆောက်အဦနှင့် မီးသတ်ယာဉ်များ ဖြည့်တင်းနိုင်ဖို့အတွက် နီးစပ်ရာဘဏ္ဍာရေးနှစ်မှာ ပြည်နယ်အစိုးရအဖွဲ့သို့ ဘဏ္ဍာငွေတင်ပြတောင်းခံဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန အနေနဲ့ မီးသတ်စခန်းနှင့်မီးသတ်ယာဉ်များ ဖြည့်တင်းရေး ဦးစားပေးအဆင့် သတ်မှတ်တဲ့နေရာမှာ တိုင်းဒေသကြီး/ပြည်နယ်၊ မြို့တော်၊ မြို့နယ်၊ မြို့၊ ကျေးရွာအုပ်စု စတဲ့ အစီအစဉ်အပြင် အိမ်ခြေနှင့် လူဦးရေထူထပ်မှု၊ အရန်မီးသတ်တပ်ဖွဲ့ဝင်အင်အား၊ နိုင်ငံပိုင်/ပုဂ္ဂလိကပိုင် စက်ရုံ/အလုပ်ရုံများ တည်ရှိမှု၊ (၁၀)နှစ်အတွင်း မီးလောင်မှုအကြိမ်အရေအတွက်နဲ့ ဆုံးရှုံးမှုတန်ဖိုး၊ မီးသတ်ယာဉ် ဝင်နိုင်/ ထွက်နိုင်တဲ့လမ်းများ စတဲ့အချက်တွေပေါ်မူတည်ပြီးတော့ ဦးစားပေးအဆင့် သတ်မှတ်ဆောင်ရွက် လျက်ရှိပါတယ်။ ကျေးရွာအဆင့်တွေကို မီးသတ်ယာဉ်ဖြည့်ဆည်းပေးဖို့ အစီအစဉ်မရှိသေးသော် လည်းပဲ အရန်မီးသတ်တပ်ဖွဲ့များ ဖွဲ့စည်းထားကာ ကိုယ့်အားကိုယ်ကိုးမီးသတ်စက်များနဲ့ စီမံ ဆောင်ရွက်နိုင်ဖို့ ကြိုးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

**နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ပတ်သက်၍ ပြည်သူလူထုကြားသိရှိသင့်သည်များကို မီဒီယာ ကဏ္ဍမှ မှန်မှန်ကန်ကန်သိရှိအောင် စီမံဆောင်ရွက်ပေးမည့် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဗိုလ်မှူးချုပ်တင်စိုး၊ တပ်မတော်သားကိုယ်စားလှယ် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးချုပ်တင်စိုး(တပ်မတော်သားကိုယ်စားလှယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်သို့တက်ရောက်လာသည့် ပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါ။ ကျွန်တော့်အနေဖြင့် နိုင်ငံတော်မှ လိုက်နာကျင့်သုံးနေတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါရှိတဲ့ နိုင်ငံသားများရဲ့ မူလအခွင့် အရေးနဲ့တာဝန်၊ မဏ္ဍိုင်ကြီးသုံးရပ်ရဲ့ ဆောင်ရွက်ချက်များအပါအဝင် တိုင်းရင်းသားပြည်သူများ မှန်မှန်ကန်ကန်သိသင့် သည်များအပေါ် မီဒီယာကဏ္ဍမှ ပူးပေါင်းဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံသား ပြည်သူလူထုများအကြား ခိုင်မာသောစုစည်းမှုကိုရရှိကာ အေးချမ်းတည်ငြိမ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်သော လူမှုဘဝဖြစ် ထွန်းစေရန် ရည်ရွယ်၍ မေးမြန်းခြင်းဖြစ်ပါတယ်။ နိုင်ငံတော်အနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်ကို ပြောင်းလဲဖော်ဆောင်နေချိန်မှာ သတင်း၊ စာနယ်ဇင်းမီဒီယာများရဲ့ လုပ်ဆောင်ခွင့်တွေပေါ်မှာ ဖြေ

လျော့ပေးခဲ့ပါတယ်။ သို့သော်လည်း အချို့သောမီဒီယာများဟာ လက်ဦးမှု၊ လွတ်လပ်ခွင့်များကို အလွဲအသုံးချ၍ လှုံ့ဆော်မှုပုံသဏ္ဌာန် လိုရာဆွဲ၍ အသုံးချမှုတွေကြောင့် ပြည်သူလူထုရဲ့ လူမှုစီးပွားရေး၊ နိုင်ငံတော်အနာဂတ်၊ ခရီးဖော်ဆောင်မှုတွေမှာ ထိခိုက်နှောင့်နှေးမှုများ ဖြစ်ပေါ်လာ တာကို တွေ့နေရပါတယ်။ သတင်း၊ စာနယ်ဇင်းမီဒီယာများဟာ ပြည်သူရဲ့အားကိုးယုံကြည်မှု တည်ဆောက်ရာမှာ မိမိတို့ နေထိုင်ဆောင်ရွက်နေတဲ့ နိုင်ငံတော်ရဲ့ နိုင်ငံသားတာဝန်၊ မူလအခွင့်အရေးများကို မဖောက်ဖျက် မကျူးလွန်မိစေရန်လည်း လိုအပ်ပါတယ်။ မှန်ကန်တဲ့အချက်အလက်တွေ၊ ပူးပေါင်းကူညီမှုတွေနဲ့ သက်ဆိုင် ရာအဖွဲ့အစည်းများကလည်း ဆောင်ရွက်ပေးဖို့ လိုအပ်ပါတယ်။ မိမိတို့ရဲ့ တာဝန်ဝတ္တရားတွေအပေါ်မှာ လိုက်နာဆောင်ရွက်မှုအားနည်းခြင်းတွေကြောင့် ပုဂ္ဂလိကတစ်ဦးချင်းဘဝကအစပြုပြီး လူမျိုးရေး၊ ဘာသာရေးအဓိကရုဏ်းများဖြစ်ပွားကာ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခြင်း၊ နိုင်ငံတော် လုံခြုံရေးဆိုင်ရာ ထိပါးနိုင်ခြင်းများလည်း ကြားသိတွေ့မြင်နေရပါတယ်။

သို့ပါ၍ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပတ်သက်၍ ပြည်သူများ ယခုထက်ပိုမို၍ သိရှိနိုင်ရေး၊ မီဒီယာကဏ္ဍမှ မည်ကဲ့သို့ဆောင်ရွက်ပေးနေသည်ကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်ကြားရေးဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးပိုက်ထွေး(ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပြန်ကြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးပိုက်ထွေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်တင်စိုးရဲ့ မေးခွန်းကို ပြန်လည်ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပတ်သက်ပြီး ပြည်သူများလေ့လာသိရှိနိုင်ရန်အတွက် အမျိုးသားညီလာခံတွင် ၁၉၉၃ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ အခြေခံမူများ အသေးစိတ်ဆွေးနွေးမှုများကို နေ့စဉ်သတင်းအစီအစဉ်မှာ ထုတ်လွှင့်ဖော်ပြပေးခဲ့ပါတယ်။ အမျိုးသားညီလာခံမှ ရေးသားပြီးစီးခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာများကို ၂၀၀၈ ခုနှစ်မှ စတင်ကာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပတဲ့ မေလအထိ တေးသီချင်း ၄၂ ပုဒ်၊ ဇာတ်လမ်းတို ခြောက်ကား၊ ဆွေးနွေးခန်း ရှစ်ခုနှင့်

ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈)ပါ ပုဒ်မများကို အခြေခံတဲ့ ပညာအဆင့်နဲ့ လင်းလက်ဝေပညာပေး ဇာတ်လမ်းကို ၂၀၁၂ ခုနှစ်မှာ ရိုက်ကူးထုတ်လွှင့်ခဲ့ပါတယ်။ ကျေးရွာအုပ်ချုပ်ရေးမှူး ရွေးချယ်ခန့်ထား ရာမှာ သိရှိသင့်တဲ့ အချက်များကို ဇာတ်လမ်းဖွဲ့ထားတဲ့ လူမှန်နေရာမှန် ဇာတ်လမ်းတွဲကိုလည်း ၂၀၁၂ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်တို့မှာ ထုတ်လွှင့်ပြသခဲ့ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပတ်သက်၍ ပြည်သူ များသိရှိနားလည်နိုင်စေရန်အတွက်၁၄-၁၀-၂၀၁၃ ရက်နေ့၊ ၂၁-၁၀-၂၀၁၄ ရက်နေ့နှင့်၂၂-၁၀-၂၀၁၄ ရက်နေ့တို့မှာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပတ်သက်တဲ့ ဥပဒေစကားဝိုင်းဆွေးနွေးပွဲ အပိုင်း(၁) နှင့် အပိုင်း(၂)ကို ထုတ်လွှင့်ဖော်ပြပေးခဲ့ပါတယ်။ ထို့အပြင် ပြည်သူလူထုအတွက် ဗဟုသုတလည်းရရှိ၊ စိတ်ဝင်စားဖွယ်လည်းဖြစ်မည့် ပြည်သူ့နီတိ ရုပ်သံအစီအစဉ်များ ရိုက်ကူးထုတ်လွှင့်နိုင်ရေး စီစဉ် ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့်လည်း မြို့နယ်တိုင်းမှာ ပြည်သူ့ စာကြည့်တိုက်များ ရှိပါတယ်။ အဆိုပါ ပြည်သူ့စာကြည့်တိုက်များမှာ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်းက ပုံနှိပ်ဖြန့်ချိတဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ စာအုပ်ထားရှိပြီး ပြည်သူများ လေ့လာနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအနေနဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအား မှတ်တမ်းမှတ်ရာအဖြစ် ကိုးကားနိုင်ရန် မဂ္ဂဇင်းအရွယ်စာအုပ်ကို မြန်မာ၊ အင်္ဂလိပ်ပူးတွဲ၍လည်းကောင်း၊ သယ်ယူမှုလွယ်ကူ စေရန် အိတ်ဆောင်အရွယ်စာအုပ်ကို အင်္ဂလိပ်၊ မြန်မာ ခွဲ၍လည်းကောင်း ပုံနှိပ်ထုတ်ဝေဖြန့်ချိပေး လျက်ရှိပါတယ်။ အဆိုပါ ဥပဒေစာအုပ်များကို ပြန်ကြားရေးဝန်ကြီးဌာနရဲ့ ဝက်ဘ်ဆိုက် www.moi.gov.mm မှာလည်း အများပြည်သူ လေ့လာဖတ်ရှုနိုင်ရန် ဖော်ပြထားရှိပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ဒီမိုကရေစီစနစ်သို့ ပြောင်းလဲကျင့်သုံးချိန်မှစ၍ စာနယ်ဇင်းဆိုင်ရာ ဖြေလျှော့ပေးမှုများ၊ သတင်း မီဒီယာလွတ်လပ်ခွင့်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက် ပေးခဲ့ပြီး ဖြစ်ပါတယ်။

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအနေနဲ့လည်း ပြည်သူကိုဗဟိုပြုတဲ့အတွက် ပြည်သူလူထု အတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့် သတင်းအချက်အလက်များ မှန်ကန်မြန်ဆန်စွာရရှိနိုင် ရေး ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထိုသို့ဆောင်ရွက်ရာတွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်း သား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေး သုံးပါးကို အထောက်အကူဖြစ်စေမည့် သတင်းအချက်အလက်များကို ဖော်ပြပေးလျက်ရှိပါတယ်။

၂၀၀၈ ခုနှစ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားတစ်ဦး၏ တာဝန်၊ အခွင့်အရေးနှင့် နိုင်ငံသားတိုင်း လိုက်နာစောင့်ထိန်းရမည့် အချက်များ စသည်တို့နဲ့ ပတ်သက်ပြီး ပြည်သူလူထု သိရှိသင့်သည်များကို ၂၀၁၀ ပြည့်နှစ်မှ စတင်ကာ နေ့စဉ်ထုတ်သတင်းစာများဖြစ်တဲ့ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့မှာ ဖော်ပြပေးလျက်လည်းရှိပါတယ်။ ဆက်လက်၍လည်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပတ်သက်၍ အသိပညာပေးဆောင်းပါးများကို အလျဉ်းသင့်သလို ဖော်ပြပေးသွားမှာ ဖြစ်ကြောင်း ဖြေကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**နိုင်ငံပိုင် New Light of Myanmar သတင်းစဉ်တွင် ပြည်သူ့လွှတ်တော်အား Lower House ဟုလည်းကောင်း၊ အမျိုးသားလွှတ်တော်ကို Upper House ဟုလည်းကောင်း ရေးသားနေခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ အင်္ဂလိပ်ဘာသာပြန်နှင့် ကွဲလွဲနေခြင်းကြောင့် မည်သည့်ရေးထုံးအရ ရေးသားခြင်းကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးကြည်သာ၊ ဝွမ်ဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးကြည်သာ(ဝွမ်ဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဝွမ်ဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်သာဖြစ်ပါတယ်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ လွန်ခဲ့တဲ့ တစ်လ၊ နှစ်လလောက်က နိုင်ငံပိုင်သတင်းစာကြီးဖြစ်တဲ့ The New Light of Myanmar အင်္ဂလိပ်သတင်းစာမှာ ပြည်သူ့လွှတ်တော်ကို Lower House၊ အမျိုးသားလွှတ်တော်ကို Upper House ဆိုပြီးတော့ ရေးသားထားတာတွေ့ရပါတယ်။ ဟိုးအရင်ကတော့ ဒီလိုမရေးပါဘူး။ ယခုရက်ပိုင်းအတွင်းမှာတော့ ဒီလိုမရေး ဘဲ ပြည်သူ့လွှတ်တော်ကို ပြည်သူ့လွှတ်တော်ဟူ၍လည်းကောင်း ရေးသားထားတာတွေ့ရပါတယ်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့တရားဝင် အင်္ဂလိပ်လိုဘာသာပြန်မှုဟာ ပြည်သူ့လွှတ်တော်ကိုလည်း ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်ကိုလည်း အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်ကိုလည်း ပြည်ထောင်စုလွှတ်တော်ဆိုပြီး အင်္ဂလိပ်လိုပြဋ္ဌာန်းထားပါတယ်။ ၁၉၄၇ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေရဲ့ အင်္ဂလိပ် Version မှာဆိုရင်လည်း ပြည်သူ့လွှတ်တော်ကို Chamber Of Deputies၊ လူမျိုးစုလွှတ်တော်ကို Chamber Of Nationalities ဆိုပြီးတော့ရေးသားထားပါတယ်။ အလားတူအိန္ဒိယနိုင်ငံမှာလည်း Lok Sabha၊ Rajya Sabha လို့ခေါ်သလို၊ ဂျပန်နိုင်ငံမှာလည်း သူတို့လွှတ်တော်ကို Daet လို့ရေးပါတယ်။ ဒီလိုရေးတာတွေက မိမိတို့နိုင်ငံရဲ့ဘာသာစကား၊အမျိုးကို လေးစားသောအားဖြင့် ရေးသားခြင်းဖြစ်ပါတယ်။ ယနေ့နိုင်ငံတော်ပိုင်သတင်းစာကြီးတစ်ခုဟာ ပြည်သူ့လွှတ်တော်ကို

Lower House၊ အမျိုးသားလွှတ်တော်ကို Upper House လို့ရေးရခြင်းဟာ မည်သည့်ရေးထုံးများကို မှီပြီးတော့ ရေးသားခြင်းဖြစ်ခဲ့ပါသလဲဆိုတာကို သိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ပြန်ကြားရေးဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးပိုက်ထွေး(ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ ဂွမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကြည်သာရဲ့ မေးခွန်းကို ကျွန်တော့်အနေနဲ့ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ ပြန်ကြားရေး ဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ပုံနှိပ်ဖြန့်ချိတဲ့ The New Light of Myanmar သတင်းစာမှာ လွှတ်တော်များ လုပ်ငန်းစတင်ချိန်ကတည်းက ပြည်ထောင်စုလွှတ်တော်ကို အင်္ဂလိပ်ဘာသာဖြင့် မြန်မာအသံထွက် Pyidaungsu Hluttaw ဟုလည်းကောင်း၊ အမျိုးသားလွှတ်တော်ကို အင်္ဂလိပ်ဘာသာဖြင့် မြန်မာအသံထွက် Amyotha Hluttaw ဟုလည်းကောင်း၊ ပြည်သူ့လွှတ်တော်ကို အင်္ဂလိပ်ဘာသာဖြင့် မြန်မာအသံထွက် Pyithu Hluttaw ဟုလည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပါတဲ့အတိုင်း သုံးနှုန်းဖော်ပြခဲ့ပါတယ်။ The New Light of Myanmar သတင်းစာမှာ အထက် တင်ပြပါ အသုံးအနှုန်းများအတိုင်း ရေးသားဖော်ပြရာတွင် နိုင်ငံခြားသားအများစု ဖတ်ရှုတဲ့အခါ နားမလည်နိုင်ကြောင်း အကြံပြုချက်များရရှိပါတယ်။ သို့ပါ၍ ၂၀၁၄ ခုနှစ်၊ မေလ ၁၅ ရက်နေ့ကစပြီး ပြည်ထောင်စုလွှတ်တော်ကို အင်္ဂလိပ်ဘာသာဖြင့် Pyidaungsu Hluttaw ဟု လည်းကောင်း၊ အမျိုးသားလွှတ်တော်ကို အင်္ဂလိပ်ဘာသာဖြင့် Upper House ဟု လည်းကောင်း၊ ပြည်သူ့လွှတ်တော် ကို အင်္ဂလိပ်ဘာသာဖြင့် Lower House ဟု လည်းကောင်း ပြင်ဆင်သုံးနှုန်းခဲ့ပါတယ်။ နိုင်ငံတကာ လွှတ်တော်များကို လေ့လာတဲ့အခါမှာ အမေရိကန်လွှတ်တော်မှာ အထက်လွှတ်တော်ကို The Upper House လို့ရေးသားသုံးနှုန်းပြီး၊ အောက်လွှတ်တော်ကို The House လို့ရေးသားသုံးနှုန်းထားကြောင်း တွေ့ရှိရပါတယ်။ ဂျပန်လွှတ်တော်မှာ အထက်လွှတ်တော်ကို The Upper House လို့ရေးသား သုံးနှုန်းပြီး အောက်လွှတ်တော်ကို The Lower House လို့ ရေးသားသုံးနှုန်းထားပါတယ်။ အိန္ဒိယ လွှတ်တော်မှာလည်း အထက်လွှတ်တော်ကို The Upper House လို့ရေးသားသုံးနှုန်းပြီး အောက်လွှတ်တော်ကို The Lower House လို့ရေးသားသုံးနှုန်းထားကြောင်းလေ့လာတွေ့ရှိရပါတယ်။ ပြည်သူ့လွှတ်တော် အင်္ဂလိပ်ဘာသာဖြင့် မြန်မာအသံထွက် Pyithu Hluttaw ဆိုတဲ့ အသုံးအနှုန်းမှာ

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်ကတည်းက The Working People's Daily သတင်းစာမှာ သုံးနှုန်းခဲ့ခြင်းဖြစ်ပါတယ်။ ပြောင်းလဲလာတဲ့ အခြေအနေများအရလည်းကောင်း၊ စာဖတ်သူများရဲ့ အကြံပြုချက်အရလည်းကောင်း၊ နိုင်ငံတကာအသုံးအနှုန်းများနဲ့ ကိုက်ညီစေရန်အတွက်လည်း ကောင်း၊ မိမိနိုင်ငံအတွင်းရှိ စာဖတ်ပရိသတ်များ အလွယ်အကူနားလည်စေရန်အတွက်လည်းကောင်း လွှတ်တော်ဆိုင်ရာ ဝေါဟာရများအား အနီးစပ်ဆုံးသော အင်္ဂလိပ်ဆိုင်ရာ ဝေါဟာရများကိုယူ၍ သတင်းစာတိုက်ရဲ့ ကိုယ်ပိုင်ဟန် House Style အဖြစ်ပြောင်းလဲ သုံးစွဲခြင်းဖြစ်ကြောင်းတင်ပြအပ်ပါ တယ်။ ယခုအခါမှာ The New Light of Myanmar သတင်းစာမှာ ပြည်တွင်း၊ ပြည်ပစာဖတ် ပရိတ်သတ်များ အလွယ်တကူနားလည်စေမယ့် Amyotha Hluttaw (The Upper House )ဟု လည်းကောင်း၊ Pyithu Hluttaw (The Lower House )ဟု လည်းကောင်း နှစ်မျိုးစလုံးဖော်ပြလျက် ပြောင်းလဲအသုံးပြုလျက်ရှိကြောင်း ဖြေကြားရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မင်းတုန်းမြို့ရေပေးဝေမှုအား တိုးချဲ့ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစိုးနိုင်၊မင်းတုန်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုးနိုင်(မင်းတုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင် ဝန်ကြီး၊ ဒုတိယဝန်ကြီးများ နှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မင်းတုန်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးနိုင်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်း ဒေသကြီး၊ မင်းတုန်းမြို့တွင် မြို့ပေါ်ရပ်ကွက် ၄ ရပ်ကွက်၊ အိမ်ခြေ ၁၂၃၂ ၊ လူဦးရေ ၄၅၆၈ ဦးရှိပါ တယ်။ မြို့ပေါ်လူဦးရေ၏ တစ်နေ့ရေလိုအပ်ချက်မှာ ဂါလံ ၁၅၀၀၀၀ ခန့်ဖြစ်ပါတယ်။ မင်းတုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့ရေပေးရေးလုပ်ငန်းအား ဆောင်ရွက်လျက်ရှိရာ မြို့ပေါ်ရပ်ကွက် ၃ ရပ်ကွက်တွင် ရေတိုင် ၃၈၀ သာပေးဝေနိုင်ပါတယ်။ သို့ပါ၍ မြို့ပေါ်နေပြည်သူများ၏ ရေသုံးစွဲရန် လိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်ရန် များစွာလိုအပ်လျက်ရှိနေပါတယ်။ လက်ရှိရေပေးဝေရေး စနစ်မှာ မင်းတုန်းချောင်းမှ ရေကိုတိုက်ရိုက်စုပ်ယူ၍ ဂါလံ ၁၀၀၀၀ ဆံ့ ရေကန်မှတစ်ဆင့် အမှတ် (၄)ရပ်ကွက်ရှိ ဂါလံ ၁၀၀၀၀ ဆံ့ ရေကန်သို့Gravity flow System ဖြင့်ရေဖြည့်၍ ၎င်းရပ်ကွက်ရှိ ရေတိုင် ၁၁၂ တိုင် ဖြန့်ဝေပေးပြီး ဂါလံ ၁၀၀၀၀ ဆံ့ မူလရေကန်မှ အမှတ် (၂)နှင့် အမှတ် (၃) ရပ်ကွက် ရှိ ရေတိုင် ၂၆၈ တိုင်သို့ရေများ တိုက်ရိုက်မောင်းတင် ဖြန့်ဝေပေးလျက်ရှိပါတယ်။ မြို့နယ်စည်ပင်

သာယာရေးအဖွဲ့မှ လက်ရှိရေပေးဝေနိုင်မှု အခြေအနေမှာ တစ်နေ့ ရေဂါလံ ၅၀၀၀၀ ခန့်သာပေးဝေနိုင်ပါတယ်။ မြို့ပေါ်ရပ်ကွက် ၄ ရပ်ကွက်ရှိ ပြည်သူများသို့ အပြည့်အဝရေပေးဝေနိုင်ရေးအတွက် ဂါလံ ၅၀၀၀၀ ဆံ့ ရေလှောင်ကန်တစ်ခု ထပ်မံတည်ဆောက်ရန် လိုအပ်နေပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ ပြည်ထောင်စုအစိုးရ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ မင်းတုန်းမြို့သို့ ၂၄ နာရီ မီးလင်းနိုင်ရေးအတွက် ဥသျှစ်ပင်-မင်းတုန်း ၆၆ ကေဗီကေ ဓာတ်အားလိုင်းသစ်များသွယ်တန်းခြင်း၊ ဓာတ်အားခွဲရုံများ တည်ဆောက်ခြင်းတို့ကို စတင်ဆောင်ရွက်နေပြီဖြစ်သဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း မီးလင်းနိုင်တော့မှာဖြစ်ပါတယ်။ လျှပ်စစ်မီးရရှိသည့်အချိန်တွင် ဂါလံ ၅၀၀၀၀ ဆံ့ ရေကန်သို့ မော်တာများတပ်ဆင်ပြီး ရေတင်ကာ ရေပေးဝေမည်ဆိုပါက မင်းတုန်းမြို့ပေါ်ရှိ ရပ်ကွက် ၄ ရပ်ကွက်လုံးသို့ ပြည့်ပြည့်ဝဝ ရေများဖြန့်ဝေပေးနိုင်မှာဖြစ်ပါတယ်။ သို့ပါ၍ မင်းတုန်းမြို့၊ မြို့ရေပေးရေးတိုးချဲ့ဆောင်ရွက်ရန်လိုအပ်သော ရေဂါလံ ၅၀၀၀၀ ဆံ့ ရေလှောင်ကန်နှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူတပ်ဆင်ခြင်းအား နိုင်ငံတော်မှ ထောက်ပံ့ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါကြောင်းကို ဒသမပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်မပြမေးခွန်းအဖြစ် မေးမြန်းခဲ့ရာ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဖြေကြားရာတွင် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ဝင်ငွေလျာထားချက်မှာ ကျပ် သိန်း ၆၈၀ ဖြစ်ပါတယ်။ လမ်း၊ တံတား၊ ရေပေးရေးနှင့် အခြားလုပ်ငန်းများအတွက် အသုံးစရိတ်မှာ ၃၄၀.၁၅ သိန်းသာဖြစ်သောကြောင့် အဖွဲ့ရန်ပုံငွေဖြင့် ဆောင်ရွက်နိုင်ခြင်းမရှိပါကြောင်းနှင့် နိုင်ငံတော်မှ သီးခြားရန်ပုံငွေချမှတ်ပေးမှသာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ဖြေကြားခဲ့ပါတယ်။ သို့ဖြစ်ပါ၍ ကျွန်တော်မေးမြန်းလိုသည့် မေးခွန်းမှာ မင်းတုန်းမြို့၊ မြို့ရေပေးရေးတိုးချဲ့ဆောင်ရွက်ရန်လိုအပ်သော ဂါလံ ၅၀၀၀၀ ဆံ့ရေလှောင်ကန်နှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူတပ်ဆင်ခြင်းအား နိုင်ငံတော်မှ သီးခြားရန်ပုံငွေချမှတ်ပေးပြီး ထောက်ပံ့ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါ၍ မိဘပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာဖြင့် တင်ပြမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်ငွေ(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာစေဖို့ ဆုမွန်ကောင်းတောင်း

ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုးနိုင်ရဲ့မေးခွန်းနဲ့ပတ်သက်ပြီး ကျွန်တော် တင်ပြသွားမှာဖြစ်ပါ တယ်။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန လက်အောက်မှာရှိတဲ့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး အခြေခံအဆောက် အအုံများဖြစ်တဲ့ လမ်း၊ တံတား၊ ရေပေးရေး၊ မီးလင်းရေး၊ တန်ဖိုးနည်းအိမ်ရာနှင့် ယင်လုံအိမ်သာ များကဲ့သို့သော တည်ဆောက်ရေးလုပ်ငန်းများအပြင် ကျေးလက်နေပြည်သူများရဲ့ လူမှုစီးပွားဘဝ မြင့်မားရေးအတွက် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ အထောက်အကူပြုတဲ့ သင်တန်းများကို လည်း နိုင်ငံတော်ရဲ့ခွင့်ပြုငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမြို့မှာ ကျွန်တော်တို့ မြို့ပေါ်ရပ်ကွက် ၄ ရပ်ကွက်ရှိပါတယ်။ အိမ်ခြေ ၁၂၃၂ အိမ်၊ လူဦးရေ ၄၅၀၀ ကျော် တစ်နေ့မှာ ရေဂါလန် ၁ သိန်းခွဲသုံးပါတယ်။ မင်းတုန်းမြို့မှာ လက်ရှိရေပေးဝေတဲ့လုပ်ငန်းကို မင်းတုန်းမြို့ စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူ ဆောင်ရွက်လျက်ရှိပြီး တော့ ရေပေးဝေရေးစနစ်မှာ မင်းတုန်းချောင်းမှရေကို စက်ဖြင့်စုပ်ယူပြီးတော့ အမှတ်(၄)ရပ်ကွက်နှင့် အမှတ်(၃)ရပ်ကွက်ကို ကျွန်တော်တို့ ဂါလန် ၁၀၀၀၀ ဆံ့ရေကန် နှစ်ကန်မှ တစ်ဆင့် မြို့ပေါ်ရပ်ကွက် (၂၊ ၃၊ ၄) ရပ်ကွက်သုံးကွက်ကို အိမ်သွယ်ရေတိုင် ၃၈၀၊ နေ့စဉ် ရေဂါလန် ၅၀၀၀၀ ပေးပို့လျက်ရှိ ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမှ မေးမြန်းထားတဲ့ အဆိုပါ ရပ်ကွက်(၃)ရပ်ကွက်နှင့် အမှတ်(၁) ရပ်ကွက်တွင် တိုးချဲ့ရေပေးနိုင်ရန်အတွက် ဂါလန် ၅၀၀၀၀ ဆံ့ ဖိုက်ဘာရေလှောင်ကန် နှင့် ရေတင်ဆက်စပ်ပစ္စည်းများ ဝယ်ယူဖို့လိုအပ်ကြောင်း တင်ပြလာတဲ့ အတွက်ကြောင့် ခန့်မှန်း ကုန်ကျငွေ ၄၄.၁၃ သန်းခန့်ကုန်ကျမှာဖြစ်ပါတယ်။

မင်းတုန်းမြို့တိုးချဲ့ ရေပေးရေးလုပ်ငန်းမှာ မြို့ပြလုပ်ငန်းဖြစ်သည့်အတွက် မွေးမြူရေး၊ ရေ လုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါ ကြောင်းနှင့် အဆိုပါလုပ်ငန်းအတွက် မကွေးတိုင်းဒေသကြီးစည်ပင်သာယာအဖွဲ့၊ မကွေးတိုင်း ဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာနှင့်မြို့နယ် အထောက်အကူပြု ကော်မတီများ ပူးပေါင်းပြီးတော့ ကွင်းဆင်းစစ်ဆေးပြီးတော့ သူတို့ရန်ပုံငွေတောင်းခံမှုအပေါ် မူတည် ပြီးတော့ ကျွန်တော်တို့ ဆက်လက်တင်ပြပြီးတော့ ရရှိပါက ဆက်လက်ဆောင်ရွက်သွားမှာဖြစ် ပါကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**မူကြမ်း**

**မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာနရုံးကို မြေနေရာ သီးခြားသတ်မှတ်၍ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးအုန်းငွေ၊ မြောင်မဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအုန်းငွေ(မြောင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြတဲ့ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဧည့်သည်တော်များနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ပဏာမဆုတောင်းမေတ္တာပို့သပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းငွေဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မြောင်မြို့ရဲ့ဌာနဆိုင်ရာတွေမှာ ကိုယ်ပိုင်ဝင်းမရှိတဲ့အတွက် ရပ်ကွက်တွေထဲမှာ အိမ်ငှားနေရခြင်း၊ သာသနာ့နယ်မြေမှာ မြေငှားနေရခြင်းတွေအတွက် အဆင်ပြေ စေရန်ဆိုပြီးတော့ ကုန်သွယ်လယ်ယာဝင်းကြီးကို ကျွန်တော်တို့မြို့ကို ရုံးများအတွက် အသုံးပြုခွင့်ပေး ပါဆိုပြီး တင်ပြခဲ့ပါတယ်။ တင်ပြတဲ့အခါကျတော့ သက်ဆိုင်ရာဝန်ကြီးကလည်း အသုံးပြုခွင့် ခွင့်ပြုလာ တဲ့အတွက် ဒီရုံးမြေနေရာကို မြေနေရာမရှိတဲ့ ရုံး ငါးရုံးနှင့် လူမှုရေးအဖွဲ့အစည်းများကို သတ်မှတ်ခဲ့ဝေ ပေးခဲ့ပါတယ်။ ဒါလည်း ကျွန်တော်တို့ ၂၀၁၃ ခုနှစ် ဧပြီလလောက်ကတည်းက ဆောင်ရွက်ခဲ့တဲ့ကိစ္စ ဟာ အခုအချိန်ထိ သက်ဆိုင်ရာရုံး ငါးရုံးအနက် စီးပွားရေးဘဏ်တစ်ခုသာလျှင် မြေနေရာမှာ လာ ရောက်ဆောက်နိုင်ပြီး ကျန်တဲ့ရုံးတွေက အခုအချိန်ထိ ဆောက်နိုင်ခြင်းမရှိတဲ့အတွက် ဒီမေးခွန်းကို မေးခဲ့တာဖြစ်ပါတယ်။ ဒီနေရာမှာ ဖြစ်နေတဲ့အခက်အခဲ၊ ဆောင်ရွက်ရမယ့်လုပ်ငန်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနချင်းညှိနှိုင်းရမယ့်ကိစ္စတွေ အဆင်ပြေအောင်ညှိနှိုင်းဖို့နှင့် ကျွန်တော်တို့ ဒီ ငါးနှစ်တာ လွှတ်တော်ကာလအတွင်း တစ်နည်းပြောရရင် ပထမအကြိမ် ဒီမိုကရေစီအစိုးရလက်ထက်မှာ အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ဖို့အတွက် ဒီမေးခွန်းကို မေးရခြင်းဖြစ်ပါတယ်လို့ ဥက္ကဋ္ဌကြီးကတစ်ဆင့် တင်ပြခြင်းဖြစ်ပါတယ်။

ကျွန်တော်မေးတဲ့မေးခွန်းကတော့ မြောင်မြို့နယ်မှာ ဖွင့်လှစ်လိုက်တဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဦးစီးဌာနရုံးကို မြေနေရာသတ်မှတ်ပေးထားပြီးသားဖြစ်တဲ့အတွက် ဒီနေရာကို ဘယ်အချိန်၊ ဘယ် အစီအစဉ်နဲ့ ရုံးနေရာဆောက်လုပ်ပေးပါမလဲဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။ ဒီဟာကို ဥက္ကဋ္ဌကြီးကနေတစ် ဆင့် သက်ဆိုင်ရာကိုမေးမြန်းခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**မူကြမ်း**

**ဦးတင်ငွေ(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)**

။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများကို အားလုံးမင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းငွေရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော်က တင်ပြရှင်းလင်းမှာဖြစ်ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးများကို တိုင်းဒေသကြီးနှင့်ပြည်နယ်(၁၄)ခု၊ ပြည်နယ် ရုံးခွဲနှစ်ခု၊ ခရိုင် ၆၀ ရုံးနှင့် (က)အဆင့်ရုံးပေါင်း ၄၅ ရုံး၊ (ခ)အဆင့်မြို့နယ်ရုံးပေါင်း ၄၄ ရုံးနှင့် (ဂ)အဆင့် မြို့နယ်ရုံးပေါင်း ၁၉၄ ရုံး၊ နောက် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ တစ်ရုံးတို့ ဖွဲ့စည်းပြီးတော့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးမှာတော့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးရုံးတစ်ရုံး၊ ခရိုင်ရုံး ခုနစ်ရုံး၊ မြို့နယ်ရုံး ၃၇ ရုံး စုစုပေါင်း ၄၅ ရုံး ဖွဲ့စည်းပြီးတော့ လုပ်ငန်းများအဆင်ပြေစွာဆောင်ရွက်လျက်ရှိပါတယ်။ အဲ့ဒီလိုဆောင်ရွက်တဲ့အခါမှာ စည်ပင်သာယာရေးအဖွဲ့ရုံးများနှင့် ပူးပေါင်းဖွင့်လှစ်ဆောင်ရွက်လျက်ရှိပြီးတော့ သက်ဆိုင်ရာမြို့နယ်အလိုက် ရုံးမြေနေရာများ ရရှိရေးအတွက်ဒေသအာဏာပိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်မှာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံးအား စတင်ဖွဲ့စည်းချိန်မှာပဲ စည်ပင်သာယာရုံးနဲ့ပူးတွဲပြီးတော့ ဖွင့်လှစ်လျက်ရှိပါတယ်။ လုပ်ငန်းများဆောင်ရွက်ခဲ့ပြီးတော့ ယခုအချိန်မှာတော့ မြောင်မြို့နယ်၊ တောင်ရပ်ကွက်၊ မြောင်-ပရိမ္မလမ်းအနီးမှာရှိတဲ့ ပုဂ္ဂလိကအဆောက်အဦတစ်ခုမှာ တစ်လလျှင် ကျပ် ၄၀၀၀၀ ဖြင့် ငှားရမ်းပြီးတော့ရုံးဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါတယ်။ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးရုံး မြေနေရာရရှိရေးအတွက်ကိုတော့ မြို့နယ်စီမံခန့်ခွဲရေးကော်မတီကိုတင်ပြပြီးတော့ မြောင်မြို့နယ်၊ မြို့သစ်ရပ်ကွက်၊ မြောင်-ပရိမ္မလမ်းမကြီးဘေးမှာရှိတဲ့ အသုံးမပြုတော့တဲ့ ကုန်သွယ်လယ်ယာပိုင်မြေ ၁.၂၅ ဧကမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးရုံးအပါအဝင် ဌာနခုနစ်ခုကို မြေနေရာခွဲဝေ သတ်မှတ်ရရှိထားပြီးဖြစ်ပါတယ်။ ခရိုင်စီမံခန့်ခွဲရေးကော်မတီမှတစ်ဆင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ခွင့်ပြုချက်တောင်းခံထားပြီးလည်းဖြစ်ပါတယ်။ အဆိုပါရုံးမြေနေရာအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ခွင့်ပြုချက်ရရှိပါက မြောင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးရုံး ဆောက်လုပ်နိုင်

ရန် ၂၀၁၅-၂၀၁၆ လာမယ့်ဘဏ္ဍာရေးနှစ်မှာ ထည့်သွင်းလျာထားပြီးတော့ ရန်ပုံငွေများရရှိမှုအပေါ် မူတည်ပြီးတော့ အဆင့်အလိုက် ဆောက်လုပ်သွားမှာဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဖျာပုံခရိုင်အတွင်းရှိ မြို့နယ် (၄)ခုနှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးအတွက် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန် ကျိုက်လတ်မြို့တွင် ဓာတ်အားခွဲရုံတစ်ခု တည်ဆောက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစိုးနိုင်၊ ဖျာပုံမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုးနိုင်(ဖျာပုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြတဲ့အစိုးရအဖွဲ့ဝင် ပုဂ္ဂိုလ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဖျာပုံမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးနိုင်ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ဖျာပုံမြို့နယ်အတွင်းမှာရှိတဲ့ ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ ဒေးဒရဲနယ်မြေအတွက် လျှပ်စစ်ဓာတ်အား တိုးမြှင့်ရရှိဖို့အတွက် သင့်တော်သောမြေနေရာဖြစ်တဲ့ ကျိုက်လတ်မြို့မှာ ဓာတ်အားခွဲရုံတစ်ခု အသစ်တည်ဆောက်ပေးဖို့အတွက် အစီအစဉ်ရှိ/မရှိ မေးမြန်းခြင်းဖြစ်ပါတယ်။ ဖျာပုံမြို့နယ်အတွင်းမှာရှိတဲ့ ဖျာပုံ၊ ဘိုကလေး၊ ကျိုက်လတ်၊ ဒေးဒရဲ လေးမြို့နယ်ပေါင်းမယ်ဆိုလို့ရှိရင် လူဦးရေ ၁၀ သိန်းကျော် နေထိုင်လျက်ရှိပါတယ်။ စိုက်ပျိုးရေး၊ ဆန်စပါးထုတ်လုပ်ရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဆိုင်ရာ စီးပွားရေးလုပ်ငန်းများနှင့် နိုင်ငံတော်ရဲ့စားနပ်ရိက္ခာဖူလုံရေးကိုလည်းပဲ ကြိုးပမ်းလျက်ရှိတဲ့ခရိုင်တစ်ခုဖြစ်ပါတယ်။ အခုဖျာပုံခရိုင်မှာရှိတဲ့ မြို့ လေးမြို့ကို လျှပ်စစ်ပေးနေတဲ့စနစ်ကတော့ ရန်ကုန်မြို့ လှိုင်သာယာဓာတ်အားခွဲရုံကနေပြီးတော့ ၃၃ ကေဗွီဓာတ်အားလိုင်းနဲ့ ပေးပါတယ်။ လှိုင်သာယာ-ကွမ်းခြံကုန်း ၅၁ မိုင်၊ ကွမ်းခြံကုန်း-ဒေးဒရဲ ၁၁.၇၅ မိုင်၊ ဒေးဒရဲ-ဖျာပုံ ၁၇.၅ မိုင်၊ ဖျာပုံ-ဘိုကလေး ၁၉.၅ မိုင်၊ ဖျာပုံ-ကျိုက်လတ် ၁၅ မိုင် ရှည်လျားပြီးတော့ စုစုပေါင်းဓာတ်အားလိုင်းဟာဆိုလို့ရှိရင် ၁၁၄.၇၅ မိုင် ရှည်လျားလျက်ရှိပါတယ်။

ဒါကြောင့်မို့လို့ ဓာတ်အားရယူသုံးစွဲတဲ့အခါမှာ ဓာတ်အားပျောက်ဆုံးမှု ပုံမှန်ရှိသင့်သည်ထက် ပိုများနေတဲ့အပြင် ဗို့အားကျဆင်းမှုများလည်း မကြာခဏ ဖြစ်ပေါ်လျက်ရှိပါတယ်။ လက်ရှိအခြေအနေမှာ ဖျာပုံမြို့မှာရှိတဲ့ 33/11 KV ဓာတ်အားခွဲရုံ အများပြည်သူသုံးနေတဲ့ Peak Load အများဆုံးအချိန်မှာဆိုလို့ရှိရင် ပေးတဲ့ 33 KV ဟာ 14 KV အထိကျသွားပြီးတော့ ပျောက်ဆုံးမှု 19 KV အထိရှိပါတယ်။

အလားတူပဲ အခြား ဒေးဒရဲ၊ ဘိုကလေး၊ ကျိုက်လတ်မြို့များမှာလည်းပဲ အလားတူ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါတယ်။ အခုအခါမှာတော့ ကျွန်တော်တို့ ဖျာပုံခရိုင် မြို့နယ်များအတွင်းမှာ လမ်းတံတားဆက်သွယ်ရေးများ ပိုမိုကောင်းမွန်လာခြင်း၊ ကျေးရွာများမှာလည်း ကိုယ့်အားကိုယ်ကိုးကျေးရွာမီးလင်းရေးကော်မတီများ ဖွဲ့စည်းပြီးတော့ မီးလင်းရေးများဆောင်ရွက်လျက်ရှိခြင်း၊ မြို့နယ်အသီးသီးမှာလည်းပဲ စိုက်ပျိုးမွေးမြူရေးနှင့်ရေလုပ်ငန်းဆိုင်ရာ စီးပွားရေးလုပ်ငန်းများ အဓိကထား တိုးမြှင့်လုပ်ကိုင်လျက်ရှိခြင်းတို့ကြောင့် ဖျာပုံခရိုင်အတွင်း လျှပ်စစ်ဓာတ်အားဖြည့်တင်းရရှိရန် လိုအပ်နေကြောင်းကို လေ့လာတွေ့ရှိရပါတယ်။ ဒေသအတွင်းနေထိုင်လျက်ရှိတဲ့ မြို့နေ၊ ကျေးရွာနေပြည်သူများမှာလည်းပဲ လျှပ်စစ်ဓာတ်အားတိုးမြှင့်ရရှိရေးကို မျှော်လင့်လျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ဖျာပုံခရိုင်အတွင်းမှာ သင့်တော်သောနေရာတစ်ခုဖြစ်တဲ့ ကျိုက်လတ်မြို့တွင် ဓာတ်အားခွဲရုံတစ်ခု တည်ဆောက်ပြီးတော့ လျှပ်စစ်တိုးမြှင့်ပေးနိုင်မယ့် အစီအစဉ်အား သိရှိလိုတဲ့အတွက် လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာမေးမြန်းရခြင်းဖြစ်ကြောင်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမော်သာထွေး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာကြသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမော်သာထွေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးနိုင်မှမေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ဖြေကြားသွားမှာဖြစ်ပါတယ်။ လက်ရှိ လှိုင်သာယာဓာတ်အားခွဲရုံမှ ၃၃ ကေဗွီဓာတ်အားလိုင်းဖြင့် ညောင်တုန်း၊ မအူပင်၊ ကျိုက်လတ်၊ ဖျာပုံ၊ ဘိုကလေးမြို့များသို့လည်းကောင်း၊ လှိုင်သာယာ၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဒေးဒရဲ၊ ဖျာပုံသို့လည်းကောင်း ဓာတ်အားပို့လွှတ်လျက်ရှိရာမှာ ဓာတ်အားလိုင်းရှည်လျားခြင်း၊ ဝန်အားပမာဏများပြားခြင်း၊ ဗို့အားကျဆင်းမှုရာခိုင်နှုန်းမြင့်မားခြင်း၊ ဓာတ်အားပျောက်ဆုံးမှုများပြားခြင်း စသည့်ဆိုးကျိုးများကို ဒေသခံပြည်သူများခံစားနေကြရတဲ့အတွက်ကြောင့်မို့လို့ လှိုင်သာယာကနေ ကျိုက်လတ်ထိအောင် ၂၃၀ ကေဗွီဓာတ်အားလိုင်း ၆၅ မိုင်အသစ်ကို ဓာတ်အားခွဲရုံအပါအဝင်ဆောင်ရွက်ဖို့အတွက် ထိုင်းနိုင်ငံ PWH ကုမ္ပဏီမှ Deferred Payment ဖြင့် ပစ္စည်းများဝယ်ယူရန် စာချုပ်ချုပ်ဆိုထားပြီးတော့ အကြို

အင်ဂျင်နီယာလုပ်ငန်းများကို ယခုဘဏ္ဍာရေးနှစ်မှာပဲ စတင်ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ၎င်း ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်း တည်ဆောက်ပြီးစီးပါက ဖျာပုံ၊ ဘိုကလေး၊ ဒေးဒရဲ၊ ကျိုက်လတ်၊ မအူပင်၊ မော်လမြိုင်ကျွန်း၊ မြင်းကကုန်းမြို့များသို့ လျှပ်စစ်ဓာတ်အားလုံလောက်စွာ ဖြန့်ဖြူးပေးသွားနိုင်မှာ ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ထို့အပြင် သဘာဝဓာတ်ငွေ့ရရှိချိန်တွင် ကျိုက်လတ်မြို့တွင် ၅၀၀ မဂ္ဂါဝပ်အထိ ထုတ်လုပ်နိုင်မည့် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းကို တည်ဆောက်၍ ဓာတ်အားပေးစနစ်နှင့် ချိတ်ဆက်ပြီးတော့ ဓာတ်အားထုတ်လုပ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း ဖြေကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၂၀ ခန့် ခေတ္တ ရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

**[အစည်းအဝေးကို မိနစ် ၂၀ ခန့် ခေတ္တရပ်နားပါသည်။]**

**အချိန်၊ ၁၁း၂၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**သူရဦးအောင်ကို၊ ကန်ပက်လက်မဲဆန္ဒနယ်က မြန်မာနိုင်ငံ၏ စွမ်းအင်ဆိုင်ရာမူဝါဒကို လက်တွေ့ ကျကျပြန်လည်သုံးသပ်စီမံဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုကိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကိုက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ အဆိုတင်သွင်းဖို့ သူရဦးအောင်ကိုအား ဖိတ်ခေါ်ပါတယ်။

**သူရဦးအောင်ကို(ကန်ပက်လက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနဲ့ ဧည့်သည်တော်များ၊ ပြည်သူ့ကိုယ်စားလှယ်များ ရွှင်လန်းချမ်းမြေ့ကြပါစေ။ ကန်ပက်လက်မဲဆန္ဒနယ်မှ ကျွန်တော် ဦးအောင်ကို တင်သွင်းမှာကတော့ မြန်မာနိုင်ငံရဲ့ စွမ်းအင်ဆိုင်ရာမူဝါဒကို လက်တွေ့ကျကျ ပြန်လည်သုံးသပ်စီမံဆောင်ရွက်ရန်အဆို ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာ နေထိုင်သူဦးရေသန်း ၅၀ ကျော်အနက် အစိုးရရဲ့ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်သူမှာ အိမ်ထောင်စုများရဲ့ ၃၀ ရာခိုင်နှုန်းခန့်သာရှိကြောင်းသိရပါတယ်။ နိုင်ငံသားအများစုဟာ လျှပ်စစ်ဓာတ်အားနဲ့ အလှမ်းကွာဝေးတဲ့ဘဝမျိုးမှာ နေထိုင်ကြရဆဲဖြစ်ပါတယ်။ ပြည့်စုံလုံလောက်တဲ့ လျှပ်စစ်စွမ်းအင်မရှိဘူးဆိုပါက မည်သည့်ဖွံ့ဖြိုးတိုးတက်မှုကိုမှ ဖော်ဆောင်နိုင်မည်မဟုတ်ပါ။ လက်ရှိမြန်မာနိုင်ငံရဲ့ လျှပ်စစ်ဓာတ်အားသုံးစွဲမှုပမာဏကိုပြန်ကြည့်လို့ရှိရင် ရေအားလျှပ်စစ်မှ ၂၇၇၃ မဂ္ဂါဝပ် ၇၂ ရာခိုင်နှုန်း၊ သဘာဝဓာတ်ငွေ့မှ ၁၄၅၂ မဂ္ဂါဝပ် ၁၈ ရာခိုင်နှုန်း၊ ကျောက်မီးသွေးမှ ၂၈၅ မဂ္ဂါဝပ် ၈ ရာခိုင်နှုန်းနဲ့ ဒီဇယ်လျှပ်စစ်မှ ၆၀ မဂ္ဂါဝပ် ၂ ရာခိုင်နှုန်းတို့ဖြစ်ကြောင်း ယေဘုယျအားဖြင့် လေ့လာသိရှိရပါတယ်။ စုစုပေါင်း ၄၅၇၀ မဂ္ဂါဝပ်ထုတ်ယူနိုင်တဲ့ စက်တပ်ဆင်အားဖြင့် လည်ပတ်နေကြောင်းလည်း သိရပါတယ်။ အဲဒီ့ထုတ်လုပ်နေတဲ့ မဂ္ဂါဝပ် ၄၅၀၀ ကျော်အနက် ၃၀ ရာခိုင်နှုန်းခန့်က မဂ္ဂါဝပ်ဖြင့် ၁၉၅၀ ခန့်လောက်က လေလွင့်ပျောက်ဆုံးခဲ့သောကြောင့်မို့လို့ မဂ္ဂါဝပ် ၃၃၀၀ ခန့်သာ အမှန်သုံးစွဲနိုင်ကြောင်းလည်း အစီရင်ခံစာများအရ သိရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်နိုင်ငံလုံး လျှပ်စစ်ဓာတ်အားလုံလောက်စွာသုံးစွဲနိုင်ဖို့အတွက်ကို နှစ်စဉ်လိုအပ်ချက်မှာ မဂ္ဂါဝပ် ၁၀၀၀ ကျော်ဖြစ်တာကြောင့်မို့လို့ လျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာ တစ်နှစ်လျှင်ထုတ်လုပ်တဲ့ပမာဏရဲ့ ၁၅ ရာခိုင်နှုန်း ပုံမှန်တိုးတက်နေကြောင်း တွေ့ရှိရပါတယ်။ အစိုးရက အကောင်အထည်ဖော်ဖို့လျာထားတဲ့ ရေအားလျှပ်စစ်စီမံကိန်း ၆၃ ခုရှိပါတယ်။ အဲဒီ့မှာ ဝန်ကြီးဌာနက စီမံကိန်း ၁၁ ခုကို ကိုင်တွယ်ဆောင်ရွက်နေပြီးတော့မှ စီမံကိန်း၄၊ ခုကိုတော့ BOT စနစ်နဲ့ ဆောင်ရွက်နေ

ကြောင်းသိရပါတယ်။ ကျန်တဲ့စီမံကိန်း ၄၇ ခုတော့ဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှု Joint Venture ဖြင့်ဆောင်ရွက်နေကြောင်းလည်း လေ့လာသိရှိရပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစီမံကိန်း များမှာ ထုတ်ယူရရှိတဲ့ လျှပ်စစ်ဓာတ်အားထက်ဝက်ကျော်ကို အခြားနိုင်ငံများသို့ ရောင်းချရန်လုပ်ကိုင် ခွင့်များပေးထားတာကြောင့်မို့လို့ လူထုလိုအပ်ချက်အတွက် ဖြည့်ဆည်းပေးရန်မဟုတ်ဘဲ ဈေးကွက် ကိုယ်စားပြု ဦးစားပေးလုပ်ငန်းများဖြစ်နေကြောင်းလည်း စွမ်းအင်လေ့လာစောင့်ကြည့်နေတဲ့အဖွဲ့ များကနေမှ ဝေဖန်ထောက်ပြနေကြပါတယ်။ လာမယ့် ၁၀ နှစ်တာကာလအတွင်းမှာ နိုင်ငံလူဦးရေရဲ့ ၅၀ ရာခိုင်နှုန်းခန့်သည် လျှပ်စစ်ဓာတ်အားသုံးစွဲခွင့်ရမယ်လို့ သက်ဆိုင်ရာဌာနက အကြမ်းသဘော ထားထုတ်ပြန်ထားတာလည်းရှိပါတယ်။ အချိန်ကာလအားဖြင့်တော့ တိကျမှုမရှိကြောင်း တွေ့ရပါ တယ်။ ဒါ့ကြောင့်မို့လို့ မြန်မာနိုင်ငံမှ လက်ရှိကျင့်သုံးနေတဲ့ စွမ်းအင်ဖွံ့ဖြိုးရေးပေါ်လစီသည် ပြည်သူ လူထုကို အကျိုးပြုစေမယ့်စီမံကိန်းမျိုးမဟုတ်ကြောင်း ပုဂ္ဂလိကကုမ္ပဏီများနှင့် အိမ်နီးနားချင်းနိုင်ငံ များအတွက်ပါ အကျိုးအမြတ်များစွာရရှိနိုင်စေသော စီမံကိန်းများဖြစ်ကြောင်း ဝေဖန်ထောက်ပြလျက် ရှိကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စွမ်းအင်ထုတ်လုပ်ရာမှာ ရေအားလျှပ်စစ်နဲ့ ကျောက်မီးသွေးသည် ကုန်ကျ စရိတ် အထိုက်အလျောက်ရှိသော်လည်း အလျင်အမြန် အကောင်အထည်ဖော်နိုင်သော စီမံကိန်းများ ဖြစ်တာကြောင့်မို့လို့ နိုင်ငံအများစုက နှစ်သက်ကြပါတယ်။ ဒီနေ့ မြန်မာနိုင်ငံဟာ ပြည်တွင်းပြည်ပ စွမ်းအင်လိုအပ်ချက်များရဲ့ မဟာဗျူဟာကျတဲ့နေရာမှာ ရောက်ရှိနေပါတယ်။ စီမံကိန်းများကို လျင်မြန်စွာအကောင်အထည်ဖော်နိုင်မယ့် သဘာဝအရင်းအမြစ်များကလည်းပဲ အလုံအလောက် ရှိနေပါတယ်။ မြန်မာနိုင်ငံမှာ ထိတွေ့ကိုင်တွယ်ခြင်းမပြုရသေးတဲ့ ရေအားလျှပ်စစ်ထုတ်ယူနိုင်တဲ့ ရေအရင်းအမြစ် ၉၀ ရာခိုင်နှုန်းခန့်ရှိနေပြီးတော့မှ မဂ္ဂါဝပ် ၁၀၀၀၀၀ အထက်ထိ ထုတ်ယူနိုင်လျက် ရှိကြောင်းလည်း ပညာရှင်များက ခန့်မှန်းတွက်ခဲ့ကြပါတယ်။ ဒါ့ကြောင့်မို့လို့ နိုင်ငံတကာကနေပြီးမှ မြန်မာနိုင်ငံစွမ်းအင်ကဏ္ဍမှာ ရင်းနှီးမြှုပ်နှံရန် လွန်စွာစိတ်ဝင်စားနေကြခြင်းလည်း ဖြစ်ကြောင်းတွေ့ရှိ ရပါတယ်။ မြန်မာနိုင်ငံရဲ့ စွမ်းအင်မူဝါဒကို ယခင်အစိုးရလက်ထက်တွေတုန်းကတော့ နိုင်ငံခြား ဝင်ငွေရရှိဖို့ အဓိကထားပြီးတော့မှ စွမ်းအင်ရောင်းစားတဲ့မူဝါဒကို ကျင့်သုံးခဲ့ပါတယ်။ နှစ်စဉ် စွမ်းအင် လိုအပ်ချက်ကြီးမားနေတဲ့ အိမ်နားနီးချင်းနိုင်ငံတွေဖြစ်တဲ့ အိန္ဒိယ၊ တရုတ်နှင့် ထိုင်းနိုင်ငံတို့နဲ့ နယ်နိမိတ်ထိစပ်နေတာကြောင့်မို့လို့ စွမ်းအင်ဈေးကွက်ဝယ်လိုအား မြင့်မားနေခြင်းဖြစ်ပါတယ်။

သို့ဖြစ်၍ လက်ရှိဒီမိုကရေစီနိုင်ငံတော် တည်ဆောက်နေတဲ့အချိန်မှာ စွမ်းအင်မူဝါဒကိုလည်းပဲ ဒီစနစ်နဲ့အညီ ပြောင်းလဲနိုင်ဖို့ လိုအပ်ကြောင်း ပြည်တွင်းပြည်ပကနေပြီးမှ ဝေဖန်ထောက်ပြနေပါတယ်။ မြစ်ဆုံစီမံကိန်းအပါအဝင် သံလွင်မြစ်ကြောင်းပေါ်မှာရှိတဲ့ ရေအားလျှပ်စစ်စီမံကိန်းများ၊ အခြားသော ကျောက်မီးသွေးလျှပ်စစ်စီမံကိန်းများအပေါ် ပြည်သူများက ကန့်ကွက်ဆန္ဒဖော်ထုတ်နေကြခြင်းဟာလည်း အဲဒီစီမံကိန်းများနှင့် ပတ်သက်ပြီးတော့မှ ပွင့်လင်းမြင်သာစွာ သတင်းထုတ်ပြန်မှုမရှိခြင်း၊ ပြည်သူကို အသိမပေးခြင်းတို့ကြောင့် ဖြစ်ကြောင်းလည်း ဒါသိရှိနိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ပြည်သူများက စွမ်းအင်မူဝါဒ ပြုပြင်ပြောင်းလဲရန် လိုလားနေကြပါတယ်။ စွမ်းအင်ထုတ်လုပ်မှုနဲ့ ပတ်သက်ပြီးတော့မှ ပြည်သူတို့ရဲ့လိုလားချက်များကတော့ နိုင်ငံအတွင်းဆောင်ရွက်တဲ့ ရေအားလျှပ်စစ်နဲ့ ကျောက်မီးသွေးအပါအဝင် စွမ်းအင်စီမံကိန်းများကို ပြည်သူလူထုသို့ ကြိုတင်အသိပေးကြေညာရန်၊ စီမံကိန်းတစ်ခုချင်းအလိုက် ပတ်ဝန်းကျင်ထိခိုက်မှုစစ်တမ်း (EIA)၊ လူမှုစီးပွားထိခိုက်မှုစစ်တမ်း(SIA)တို့ကို လေ့လာဆန်းစစ်ပြီးမှ ထုတ်ပြန်ကြေညာရန်၊ စီမံကိန်းဖော်ဆောင်ခြင်းကြောင့် ရေရှည်မှာ သဘာဝဘေးအန္တရာယ်ကျရောက်နိုင်ခြင်းရှိ/မရှိ၊ လေ့လာဆန်းစစ်ချက်အခြေအနေကိုလည်း အသိပေးကြေညာရန်၊ ပြည်တွင်းလျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်တင်းပေးနိုင်မယ့် စီမံကိန်းများကို ဦးစားပေးဖော်ဆောင်ရန်၊ နိုင်ငံခြားကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မယ့်စီမံကိန်း (Joint Venture) များမှ အကျိုးအမြတ်ခွဲဝေရရှိနိုင်မည့် အခြေအနေကိုလည်းပဲ ပွင့်လင်းမြင်သာမှုရှိအောင် သတင်းထုတ်ပြန်ပေးရန်၊ စီမံကိန်းဖော်ဆောင်ခြင်းကြောင့် ကျေးရွာများ ရွှေ့ပြောင်းရခြင်း၊ လယ်ယာခြံမြေများ သိမ်းဆည်းခံရခြင်းမျိုးရှိပါက ထိုက်တန်သော လျော်ကြေးပေးရန်၊ စွမ်းအင်လိုအပ်ချက်ကို ပိုမိုခန့်မှန်းတွက်ချက်ခြင်းကြောင့်လည်းပဲ ပြည်သူ့ဘဏ္ဍာငွေများပိုမိုသုံးစွဲကုန်ကျမည့်အပြင် ရေရှည်ထိန်းသိမ်းစရိတ်ပါ ကုန်ကျနိုင်တာကြောင့်မို့လို့ အမှန်လိုအပ်ချက်ထက် ပိုမိုတွက်ချက်တည်ဆောက်ခြင်းမပြုရန်တို့ ဖြစ်ပါတယ်။ ဖော်ပြပါ ပြည်သူတို့ရဲ့လိုလားချက်နဲ့အညီ စွမ်းအင်ဆိုင်ရာမူဝါဒကို လက်တွေ့ကျကျပြန်လည်သုံးသပ်စီမံဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ဤလွှတ်တော်မှတစ်ဆင့် လေးစားစွာ တင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ အဆိုကိုထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအားဖိတ်ခေါ်ပါတယ်။

**ဦးစောလှထွန်း(ချောင်းဦးမဲဆန္ဒနယ်)။** ။ ကန်ပက်လက်မဲဆန္ဒနယ်က သူရဦးအောင်ကို တင်သွင်းတဲ့ မြန်မာနိုင်ငံ၏ စွမ်းအင်ဆိုင်ရာမူဝါဒကို လက်တွေ့ကျကျပြန်လည် သုံးသပ်စီမံ

ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုအား စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမဲဆန္ဒနယ်မှ ကျွန်တော် ဦးစောလှထွန်းက ထောက်ခံပါကြောင်း လွှတ်တော်သို့တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဖို့ဖြစ်ပါတယ်။

**ဦးမော်သာထွေး(ဒုတိယဝန်ကြီး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာသူအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ်၊ ကန်ပက်လက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သူရဦးအောင်ကို၏ မြန်မာနိုင်ငံစွမ်းအင်ဆိုင်ရာမူဝါဒကို လက်တွေ့ကျကျပြန်လည်သုံးသပ်စီမံဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း အဆိုပေါ်မှာ ကျွန်တော် ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ရှင်းလင်းတင်ပြမှုကို လွှတ်တော်ကိုယ်စားလှယ်များ ပိုမိုမြင်သာစေဖို့အတွက် ကျွန်တော် ဖြေရှင်းရှင်းလင်းချက်ကိုဝေငှထားပြီးဖြစ်ပါတယ်။ အခု Power Point ဖြင့် တင်ပြခွင့်ပြုပါ။ ကျွန်တော့်အား ၁၅ မိနစ်လောက် အချိန်ပေးပြီးတော့ ရှင်းလင်းခွင့်ပြုပါ။ ကျွန်တော်တို့ တင်ပြတဲ့အထဲမှာ အမျိုးသားစွမ်းအင် Policy ဆိုတာပါနေတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော် ဒီဟာကိုစပြီးတော့ တင်ပြခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ NENC ဆိုတဲ့ အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီကို ၉-၁-၂၀၁၃ ခုနှစ်ကနေမှ စပြီးတော့ ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ ဒုတိယသမ္မတ(၂)က နာယကအဖြစ်နဲ့ တာဝန်ယူပြီးတော့ ပြည်ထောင်စုဝန်ကြီး စွမ်းအင်ဝန်ကြီးဌာနနှင့် ပြည်ထောင်စုဝန်ကြီး လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့ ဒုတိယဥက္ကဋ္ဌ၊ ဥက္ကဋ္ဌများအသီးသီးဆောင်ရွက်ပြီးတော့ ကော်မတီဝင်များနဲ့ ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ အဓိကဆောင်ရွက်နေတဲ့ ပထမဆုံးအလုပ်ကတော့ National Energy Policy လို့ခေါ်တဲ့ စောစောကတင်ပြခဲ့တဲ့ အမျိုးသားစွမ်းအင် Policy ကို ရေးဆွဲတာပဲဖြစ်ပါတယ်။ အခုစွမ်းအင် Policy ရေးဆွဲတာက ကျွန်တော်တို့ ပြီးဆုံးတဲ့အဆင့်ထိရောက်ရှိသွားပြီဖြစ်ပါတယ်။ ဆက်လက်ပြီးတော့ National Energy Master Plan ကို ကျွန်တော်တို့ ရေးဆွဲလျက်ရှိပါတယ်။ Policy ပြီးရင် Master Plan ဘက်ကို ကူးသွားတာဖြစ်ပါတယ်။ ဒီအစီအစဉ် တွေအားလုံးကို အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ရဲ့အကူအညီနဲ့ ဆောင်ရွက်တာပြီးပြီလို့ ပြောလို့ရတဲ့အဆင့် ရောက်နေပါပြီ။

နောက်တစ်ခုကတော့ ဒီအမျိုးသားစွမ်းအင်မူဝါဒရဲ့အောက်မှာ National Electricity Master Plan ဆိုတာလည်း ကျွန်တော်တို့ ဆွဲရပါတယ်။ ဒါကတော့ ကျွန်တော်တို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနဲ့ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) တို့ပူးပေါင်းပြီးတော့ ရေးဆွဲတာဖြစ်ပါတယ်။ အခိကကျွန်တော်တင်ပြချင်တာကတော့ Policy ပြီးလို့ရှိရင် Plan တွေကို တဖြည်းဖြည်းချင်းနဲ့ သွားနေတဲ့အစီအစဉ်ကို ကျွန်တော် တင်ပြနေခြင်းဖြစ်ပါတယ်။ ဒီအစီအစဉ်အရ အခိကရည်ရွယ်ချက်ကတော့ ဘာလဲဆိုတော့ Electricity Master Plan ဟာ ထုတ်လုပ်မှုနဲ့ သုံးစွဲမှုကို ၂၀၃၀-၂၀၃၁ အထိအောင် လှမ်းပြီးတော့မှ မျှော်ကြည့်ပြီးတော့မှ စီမံဆောင်ရွက်ထားတဲ့အစီအစဉ်ဖြစ်ပါတယ်။

ဒီအစီအစဉ်ရဲ့ နောက်ဆုံး Goal ကတော့ ၂၀၃၁ ခုနှစ် မတ်လမှာ ဖြစ်ပေါ်လာမယ့် Generation Mix ပဲဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းထဲမှာ Generation Mix ကိုထည့်သွင်းပြီးတော့ ကျွန်တော်တို့ အဆိုတင်သွင်းထားတဲ့အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ Generation Mix ကို တင်ပြခြင်းဖြစ်ပါတယ်။ လက်ရှိ Generation Mix ဟာ ဒီပုံစံဖြစ်နေပါတယ်။ အရောင်က ရေအားလျှပ်စစ်ဖြစ်ပြီးတော့၊ ဒါက ကျောက်မီးသွေးဖြစ်ပြီးတော့၊ ဒါကတော့ သဘာဝဓာတ်ငွေ့ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလို Generation Mix အံ့ချော်နေတဲ့အတွက်ကြောင့်မို့လို့ နွေရာသီမှာ ရေမရှိတဲ့အချိန်မှာ မီးပျက်ပြီးတော့ ဓာတ်အားတွေပြတ်တောက်နေတယ်လို့ ဖြစ်နေတဲ့အပေါ်မှာ ၂၀၃၀-၂၀၃၁ ကျလို့ရှိရင်တော့ ဒီလိုအချိုးနဲ့ သွားမှသာလျှင် နိုင်ငံတော်က ဓာတ်အားတည်ငြိမ်တဲ့ဓာတ်အားရရှိမယ်။ ဈေးနှုန်းသက်သာမယ်။ သဘာဝပတ်ဝန်းကျင်ကိုလည်း အနည်းဆုံးထိခိုက်မှုအနည်းဆုံးဖြစ်စေမယ်ဆိုတဲ့ Generation Mix ကို ကူးထားတာဖြစ်ပါတယ်။ ဒီအစီအစဉ်ကိုတော့ JICA နဲ့ပူးပေါင်းပြီးတော့ ဆောင်ရွက်နေတာဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ National Electrification Plan ဆိုတာဖြစ်ပါတယ်။ ဒီ National Electrification Plan ကတော့ အခိကအချက်ကတော့ စောစောက တင်ပြခဲ့တဲ့ National Electricity Master Plan ကနေပြီးတော့မှ ထုတ်လုပ်မှုနဲ့ သယ်ပို့မှုပြီးသွားတဲ့အချိန်မှာ သူသည် ဖြန့်ဖြူးမှုကို ဆက်ပြီးတော့ ဆောင်ရွက်မယ့် Plan ဖြစ်ပါတယ်။ ဒီအစီအစဉ်ကိုတော့ World Bank (ကမ္ဘာ့ဘဏ်) အကူအညီနဲ့ဆောင်ရွက်တာ ကျွန်တော်တို့ ပြီးသွားပါပြီ။ (၄)ကြိမ်မြောက် အလုပ်ရုံဆွေးနွေးပွဲကို တစ်နေ့ကပဲ ကျွန်တော်တို့ ဒီမှာ ကျင်းပပြီးစီးသွားပြီဖြစ်ပါတယ်။ အခိကအချက်ကတော့ နောက်ထပ် ၁၆ နှစ်ကြာတဲ့အချိန်မှာ တစ်နိုင်ငံလုံး ဓာတ်အားရောက်ရှိသွားရေးပဲဖြစ်ပါတယ်။ သူ့ကို

နည်းလမ်း (၃)သွယ်နဲ့ ကျွန်တော်တို့ ဆောင်ရွက်မှာဖြစ်ပါတယ်။ ပထမနည်းလမ်းကတော့ လက်ရှိ ဓာတ်အားလိုင်းကွန်ရက်ကို ဆက်လက်ပြီးတော့ တိုးချဲ့ပြီးတော့ အမြန်ဆုံးဖြန့်ဖြူးပေးဖို့ဖြစ်ပါတယ်။ ဒုတိယအချက်ကတော့ ဓာတ်အားကွန်ရက် မရောက်သေးတဲ့နေရာတွေမှာ သီးခြားကွန်ရက်နဲ့ ကျွန်တော်တို့ Grid တစ်ခုဆွဲပြီးတော့ ဆောင်ရွက်မယ့်အစီအစဉ်ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ အလှမ်းကွာဝေးနေလို့ ရောက်ဖို့အချိန်ကြာမယ့်နေရာတွေ ဆိုလို့ရှိရင် အမြန်ဆုံး ရေတိုစီမံချက်နဲ့ ကျွန်တော်တို့ ဆောင်ရွက်ပေးနိုင်မယ့်နည်းနဲ့ လုပ်မှာဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ဒီနည်းလမ်း(၃)သွယ်နဲ့သွားမှာဖြစ်ပါတယ်။ အဓိကအချက်ကတော့ လက်ရှိ ကျွန်တော်တို့ နှစ်စဉ် ပြည်သူတွေကို အိမ်ထောင်စုဦးရေ ၀.၁၉ သန်းပဲ နှစ်စဉ် တိုးတက်ပြီးတော့ ဓာတ်အားဖြန့်ဖြူးပေးနိုင်ပါတယ်။ ဒါကို ကျွန်တော်တို့ ၀.၄ သန်း အထိအောင် ကျွန်တော်တို့ တိုးချဲ့ ဖြန့်ဖြူးနိုင်အောင် ဒီစီမံချက်က ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒီစီမံချက်မှာ ကာလအလိုက် Plan တွေ ပါပါတယ်။ ပထမငါးနှစ်စီမံကိန်းဆိုရင် ၂၀၁၉ ခုနှစ်အထိ လျာထားမှာဖြစ်ပါတယ်။ ဒီ ၁၉ ခုနှစ်နဲ့ ၁၅ ခုနှစ်ကြားထဲမှာ နောက်ထပ် ထပ်တိုး ၁.၇ သန်းသော အိမ်ထောင်စုဦးရေဖြစ်ပါတယ်။ လူဦးရေ မဟုတ်ပါဘူး။ အိမ်ထောင်စုဦးရေကို ထပ်တိုးပြီးတော့ ရရှိအောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ကုန်ကျစရိတ်ကိုတော့ ၆၀ ရာခိုင်နှုန်းခန့်ကိုတော့ ကမ္ဘာ့ဘဏ် အကူအညီအထောက်အပံ့နဲ့ ဆောင်ရွက် မှာဖြစ်ပြီးတော့ ကျန်တဲ့ ၄၀ ရာခိုင်နှုန်းခန့်ကိုတော့ အပြည်ပြည်ဆိုင်ရာ အကူအညီပေးရေးအစီအစဉ် တွေကနေပြီးတော့ ဆောင်ရွက်မယ်။ Donor တွေနဲ့ Participants တွေကနေ ဆောင်ရွက်မှာဖြစ်ပါ တယ်။ ဒါ အားလုံးရဲ့လုပ်တဲ့ကိုင်တဲ့နေရာမှာလည်းပဲ ကမ္ဘာ့ဘဏ်အထောက်အပံ့နဲ့ အတိုင်ပင်ခံအဖွဲ့ကို အမြဲတမ်းထားရှိပြီးတော့ ဆောင်ရွက်သွားဖို့ စီစဉ်ထားပြီးဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ ကျွန်တော်တို့ Plan ဖြစ်ပါတယ်။ ဒီ Plan ရဲ့ Goal ကတော့ ၂၀၃၀ မှာ ၁၀၀ ရာခိုင်နှုန်း တစ်နိုင်ငံလုံးဓာတ်အားရရှိရေးဖြစ်ပါတယ်။ ၂၀၂၅ ခုနှစ်မှာ ၇၅ ရာခိုင်နှုန်း၊ ၂၀၂၀ မှာ ၄၇ ရာခိုင်နှုန်းရရှိရေးနှင့် လက်ရှိ ၂၉၊ ၃၀ ရောက်နေတဲ့ အိမ်ထောင်စုရာခိုင်နှုန်း ဖြစ်ပါတယ်။ အခု ကျွန်တော်တို့ Plan တွေလုပ်နေတဲ့အချိန်မှာ အလုပ်တွေကိုရပ်မထားပါဘူး။ Plan တွေလုပ်နေတဲ့ အချိန်မှာလည်းပဲ တောက်လျှောက် ဒီ Plan ကို မျှော်ကိုးပြီးတော့ ကျွန်တော်တို့ အလုပ်တွေလုပ် ခဲ့တဲ့အခါမှာ ၂၀၁၁ ခုနှစ်က လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှာရှိနေတဲ့အခြေအနေနှင့် အခု ၂၀၁၄ ခုနှစ် မှာဖြစ်ပေါ်လာတဲ့အခြေအနေကို ကျွန်တော် နှိုင်းယှဉ်တင်ပြတာဖြစ်ပါတယ်။ တစ်နိုင်ငံလုံး တပ်ဆင် စက်အင်အားအနေနဲ့ကြည့်မယ်ဆိုရင် ဒါ ၂၀၁၁ ခုနှစ် ကဖြစ်ပြီးတော့ ဒါ ၂၀၁၄ ခုနှစ်ကဖြစ်ပါတယ်။

တိုးတက်မှု ၃၃ ရာခိုင်နှုန်းဖြစ်ပါတယ်။ ဓာတ်အားရရှိပြီး မြို့ရွာများအရေအတွက်ကလည်းပဲ ၇၁ ရာခိုင်နှုန်းတိုးတက်လာပါတယ်။ သုံးစွဲပြီးအိမ်ထောင်စုကလည်းပဲ ၁၄ ရာခိုင်နှုန်းတိုးတက်လာပါတယ်။ လူတစ်ဦးချင်းစီရဲ့ တစ်နှစ်သုံးစွဲနိုင်တဲ့ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ ယူနစ်ကလည်းပဲ မူလတုန်းက ၂၀၁၀ နှစ်ကုန်မှာ ၁၀၄ ရှိရာကနေပြီးတော့ အခု ၁၆၃ ထိတက်လာပါတယ်။ ဒါ ကျွန်တော်တို့ သန်း ၆၀ ဆိုတဲ့အခြေအနေနဲ့ လူတစ်ဦးချင်းစီကို စားထားတာဖြစ်ပါတယ်။ ဒီ့ထက်နည်းမယ်ဆိုရင် ဒီ့ထက်ပိုပြီးတော့ သုံးနိုင်နေပြီဆိုတဲ့အဆင့် ဖြစ်တဲ့အတွက်ကြောင့်မို့လို့ လောလောဆယ် ၅၇ ရာခိုင်နှုန်း တိုးတက်လာနေပြီလို့ ပြောနိုင်ပါတယ်။

ဒါကတော့ စောစောကတင်ပြတဲ့အထဲမှာ ပွင့်လင်းမြင်သာစွာနဲ့ဖိတ်ခေါ်ပြီးတော့ ဆောင်ရွက်ဖို့ လိုပါတယ်ဆိုတဲ့ အဆိုထဲမှာပါတဲ့အချက်ကို ကျွန်တော်တင်ပြမှာဖြစ်ပါတယ်။ ၂၀၁၂ ခုနှစ်ကတည်းက ပုဂ္ဂလိကဓာတ်အားထုတ်လုပ်သူများ၊ ဖြန့်ဖြူးသူများအားလုံးကို ဖိတ်ခေါ်ပါတယ်။ သတင်းစာထဲက လည်းဖိတ်ခေါ်ပါတယ်။ နောက်တစ်ခါ နေပြည်တော်မှာလာပြီးတော့ အလုပ်ရုံဆွေးနွေးပွဲ ဝိုင်းဖွဲ့ပြီး တော့ဆွေးနွေးဖို့လည်းပဲ ကျွန်တော်တို့ ဖိတ်ခေါ်ပါတယ်။ ဖိတ်ခေါ်ပြီးတော့မှ ဝန်ကြီးများပါသော အဖွဲ့နှင့် နှစ်ရက်လောက် အလုပ်ရုံဆွေးနွေးပွဲ အကြီးအကျယ်လုပ်ပြီးခါမှ အခြေအနေကတော့ ဘာလဲဆိုတော့ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို ကျွန်တော်တို့ ရှင်းလင်းတင်ပြခဲ့တာပဲဖြစ်ပါတယ်။ ဒီ့အတွက်လည်းပဲ ရင်းနှီးမြှုပ်နှံသူများဟာ လာရောက်ပြီးတော့ ရင်းနှီးမြှုပ်နှံနေကြပြီဆိုတာကို တင်ပြခြင်းဖြစ်ပါတယ်။

နောက်တစ်ခုကတော့ စွမ်းအင်ပေါ်လစီပြင်ဖို့ဆိုတဲ့ဟာကို တင်ပြထားတာ တွေ့ပါတယ်။ တွေ့တော့ ကျွန်တော်က လက်ရှိစွမ်းအင်ပေါ်လစီ ရေးဆွဲတာ ပြီးသွားပါပြီ။ အဲ့ဒီ ပြီးတဲ့စွမ်းအင်ပေါ်လစီ ထဲမှာပါတဲ့ စာသားနှစ်ခုကို ကျွန်တော် တင်ပြထားခြင်း ဖြစ်ပါတယ်။ ပထမစာသားကတော့ နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများနှင့် စာချုပ်ချုပ်ပြီး သို့မဟုတ် ချုပ်ဆိုခြင်းမပြုရသေးသော နိုင်ငံခြားသို့ရောင်းချ ရန်ရွေးချယ်ထားသည့်၊ ရည်ရွယ်ထားသည့် ရေအားလျှပ်စစ်စီမံကိန်းများအနက်မှ သင့်လျော်သော ရေအားလျှပ်စစ်စီမံကိန်းများကို ပြည်တွင်းသုံးအဖြစ် ပြောင်းလဲဆောင်ရွက်ရန်ဆိုတာ ပေါ်လစီမှာ အသစ်မှာပါပြီးဖြစ်ပါတယ်။

နောက်တစ်ချက်ကတော့ နိုင်ငံတော်အတွက် ရေအားလျှပ်စစ်ဓာတ်အားဖွံ့ဖြိုးမှုစီမံချက် ရေးဆွဲ အတည်ပြုပြီးမှသာ နိုင်ငံခြားသို့ရောင်းချမည့် စီမံကိန်းများအား စတင်ဆောင်ရွက်ရန်ဆိုတော့ ကျွန်တော်တို့ ဒီအတိုင်းလိုက်နာဆောင်ရွက်သွားမယ်လို့ တင်ပြခြင်းဖြစ်ပါတယ်။ ဒီနေရာမှာ

ကျွန်တော်တို့ စောစောကတင်ပြခဲ့တဲ့ ချုပ်ဆိုပြီးစာချုပ်များကို ပြန်ပြီးတော့ ညှိနှိုင်းပါဆိုတဲ့အချိန်မှာ ကျွန်တော်တို့ ပြီးခဲ့တဲ့လကပဲ ညှိနှိုင်းလိုက်တဲ့အခါမှာ ၁၇၂၄ မဂ္ဂါဝပ်က ကျွန်တော်တို့ သူတို့နဲ့ နဂိုချုပ်ထားတဲ့စာချုပ်ပေါ်မှာ သူတို့အနေနဲ့မယူတော့ဘူး။ ကျွန်တော်တို့တစ်နိုင်ငံလုံးကို ဒီမီးယူပါတော့ဆိုပြီး တော့ဆိုပြီး ပေးလာတဲ့အဆင့် ရောက်ရှိလာပြီဖြစ်ပါတယ်။ အခြားသော ကျန်တဲ့စီမံကိန်းများကိုလည်း ကျွန်တော်တို့ ဆက်လက်ပြီးတော့ ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဒါက တော့ လက်ရှိ ပြည်တွင်းသုံးသက်သက်ပဲ တည်ဆောက်နေတဲ့၊ တည်ဆောက်ဆဲ၊ တည်ဆောက်မည့်စီမံကိန်းများဖြစ်ပါတယ်။ ညာဘက်မှာကတော့ Status သူ့ရဲ့ဆောင်ရွက်ဆဲအခြေအနေနဲ့ ဆောင်ရွက်တဲ့ပုံစံများကို ဖော်ပြခြင်းဖြစ်ပါတယ်။ ဒီမှာ မဂ္ဂါဝပ်တွေ တပ်ဆင်ထားပါတယ်။ အားလုံးပေါင်း ၁၃ စီမံကိန်းကို ၂၇၅၄ မဂ္ဂါဝပ်က ပြည်တွင်းသုံးသက်သက်ပဲ ကျွန်တော်တို့ ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒါတွေအားလုံးအကောင်အထည်ဖော်မယ်ဆိုရင် ၁၀ နှစ်အတွင်းမှာတင် ဓာတ်အားများရရှိလာမှာ ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ EIA, SIA ဆန်းစစ်ခြင်းနှင့်ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဂုဏ်သရေသိက္ခာရှိတဲ့ပုဂ္ဂိုလ်များနှင့်ဆောင်ရွက်တယ်ဆိုတဲ့ အစီအစဉ်ဖြစ်ပါတယ်။ ဒီနေရာမှာ ပထမအဆင့်ဖြစ်တဲ့ Feasible Study Report ရေးရပါတယ်။ အဲ့ဒါကတော့ ဖြစ်မြောက်နိုင်စွမ်းအစီရင်ခံစာရေးဖို့အတွက် MOU ထိုးခြင်းဖြစ်ပါတယ်။ သူ့ကို အလုပ်တာဝန်ပေးခြင်း မဟုတ်ပါဘူး။ ပြီးမှ သူက ဘာဆက်လုပ်ပေးရမလဲဆိုတော့ EIA, SIA လုပ်ပေးရမှာဖြစ်ပါတယ်။ လုပ်တဲ့အခါမှာလည်း သူ့သဘောနဲ့ သူလုပ်လို့မရပါဘူး။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနကနေပြီးတော့မှ တာဝန်ယူပြီးတော့ ဂုဏ်သိက္ခာရှိတဲ့ တတိယအဖွဲ့အစည်းကနေပြီးတော့မှ လုပ်မှသာလျှင် ခွင့်ပြုတာဖြစ်ပါတယ်။ ရလာတာကိုလည်းပဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနကပဲ ပြန်လည်စိစစ်ပြီးတော့ Comment တွေပေးတာဖြစ်ပါတယ်။ တင်ပြအပ်ပါတယ်။

နောက်တစ်ခုကတော့ ပွင့်လင်းမြင်သာမှုရှိစွာ ဆောင်ရွက်ပါလို့ဆိုတဲ့ အဆိုဖြစ်ပါတယ်။ ဒါကတော့ ဒေသခံပြည်သူများကို ရှင်းလင်းတင်ပြခြင်းဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ တစ်နေ့ကလည်း ကျွန်တော်တို့ ရှင်းလင်းတင်ပြပြီးဖြစ်ပါတယ်။ ဒီမှာလည်း ပြည်ထောင်စုလွှတ်တော်မှာလည်း ကျွန်တော် မကြာခဏလာပြီးတော့ ဆွေးနွေးတင်ပြနေတဲ့အထဲမှာ ဒါတွေပါပါတယ်။ ဒေသခံပြည်သူတွေကို ဖြစ်ပေါ်လာမယ့် ကောင်းကျိုး၊ ဆိုးကျိုးတွေနဲ့ ကုစားမယ့်အစီအစဉ်တွေကို ကျွန်တော်တို့ အလွှာပေါင်းစုံဖိတ်ကြားရှင်းလင်းစေပါတယ်။ နောက်တစ်ခုကတော့ သတင်းမီဒီယာတွေကိုလည်း

ဖိတ်ကြားပြီး သတင်းယူစေပါတယ်။ ဖက်စပ်ဆောင်ရွက်တဲ့လုပ်ငန်းတွေဆိုလို့ရှိရင် သဘာဝပတ်ဝန်းကျင်၊ လူမှုပတ်ဝန်းကျင်ထိခိုက်မှု ကုစားမယ့်အစီအစဉ်တွေကို အားလုံးအကျိုးကျေးဇူးတွေပါ ကျွန်တော်တို့ အကျိုးအမြတ်ခွဲဝေတာတွေပါ အားလုံး ပြည်သူတွေကို ချပြပြီးတော့ သူတို့သဘောတူကျေနပ်မှ အဲ့ဒီဒေသခံတွေကို ကျေနပ်မှ ကျွန်တော်တို့ ဆောင်ရွက်တဲ့အတိုင်း ဆောင်ရွက်နေတာဖြစ်ပါတယ်။ အဲဒီဆောင်ရွက်မှုတွေအကုန်လုံးကိုလည်း ကျွန်တော်တို့ရဲ့ Website မှာ တင်ထားပြီးဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ကျွန်တော်တို့ စီမံကိန်းတွေဟာ ကြီးမားတယ်။ ကြီးမားတော့ ပြည်သူတွေဘေးအန္တရာယ်မကျရောက်စေလိုပါဘူးဆိုတဲ့ အဆိုဖြစ်ပါတယ်။ ဒါကိုလည်း ကျွန်တော်တို့ လုပ်နေပါတယ်။ လုပ်တာကတော့ ကျွန်တော်တို့ အဓိကအချက်ကတော့ ရေအားလျှပ်စစ်စီမံကိန်းအကြီးကြီးတွေဖြစ်ပါတယ်။ သူတို့ကိုလုပ်တဲ့အခါမှာ အဓိကကတော့ ဘူမိဗေဒအခြေအနေနဲ့ ငလျင်ဆိုင်ရာအခြေအနေဟာ အဓိကဖြစ်ပါတယ်။ နောက်တည်ဆောက်တဲ့ နည်းစနစ်နဲ့ တည်ဆောက်တဲ့ပစ္စည်းများပဲဖြစ်ပါတယ်။ ဒါတွေအကုန်လုံးကိုလည်း ကျွမ်းကျင်သူပုဂ္ဂိုလ်တွေကနေပြီးတော့ ကုမ္ပဏီတွေကလည်းပဲ သူတို့ကလည်း ငှားပြီးတော့လုပ်ပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနကလည်း ကျွမ်းကျင်သူအတိုင်ပင်ခံတွေ ငှားပြီးတော့ လုပ်ပါတယ်။ မိမိဌာနမှာလည်း ကျွမ်းကျင်သူတွေရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီဟာတွေနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ စိတ်အေးဖို့ တင်ပြနေတာကတော့ ကြီးမားတဲ့ ဖက်စပ်ပုဂ္ဂလိကစီမံကိန်းတွေ လုပ်ဖြစ်လို့ရှိရင် သီးခြားအတိုင်ပင်ခံကိုပဲ ကျွန်တော်တို့က Consultant ကိုပဲ ငှားပြီးတော့ စိစစ်ပါတယ်။ နောက်တစ်ခုကတော့ ဝန်ကြီးဌာနမှာ လည်းပဲ ကိုယ်ပိုင် Consultant တွေ International Consultant တွေ ကျွန်တော်တို့ ငှားပြီးတော့ မိမိဌာနရဲ့ ဝန်ကြီးဌာနရဲ့ လုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

နောက်တစ်ခုကတော့ ဒေသခံပြည်သူတွေ ထိခိုက်မှုတွေနဲ့ပတ်သက်ပြီးတော့ ထိုက်ထိုက်တန်တန် ဆောင်ရွက်ပေးဖို့ဆိုတဲ့ အစီအစဉ်ဖြစ်ပါတယ်။ ဒါကတော့ အဓိကကတော့ နစ်နာကြေးပေးတဲ့ကိစ္စ၊ ထောက်ပံ့ကြေးပေးတဲ့ကိစ္စ၊ ပြောင်းရွှေ့ရေးကိစ္စ ဒါတွေအားလုံးကို ကျွန်တော်တို့က ဝန်ကြီးဌာနအဆင့်မှာရော၊ ပြည်နယ်အဆင့်မှာပါ အဖွဲ့တွေဖွဲ့ပြီးတော့ ကွင်းဆင်းဆောင်ရွက်ပေးပါတယ်။ အဲဒီလိုကွင်းဆင်းဆောင်ရွက်တဲ့အခါကျမှ ပြည်သူတွေနဲ့ ကျေးရွာသူကျေးရွာသားတွေနဲ့ တွေ့တဲ့အခါကျမှ သူတို့ရဲ့ သဘောဆန္ဒနဲ့အညီ ကျွန်တော်တို့က ဘာဖြစ်ချင်သလဲဆိုတာနဲ့ ဆက်လက်ပြီးတော့ သွားတာဖြစ်ပါတယ်။ အဓိကအခြေခံအချက်ကတော့ မူလအခြေအနေထက် ပိုမိုကောင်းမွန်တဲ့ လူမှုဘဝဖြစ်ပေါ်

လာစေဖို့အတွက် အထူးအလေးထားဆောင်ရွက်ခဲ့တာဖြစ်ပါတယ်လို့ တင်ပြအပ်ပါတယ်။ ဒီနေရာမှာလည်းပဲ ကျွန်တော်တို့က ထိခိုက်တဲ့လူတွေသာမကဘဲနဲ့ ဒီဒေသတစ်ခုလုံး ဖွံ့ဖြိုးရေးကိုပါ ကျွန်တော်တို့ တွဲဖက်ပြီးတော့ စဉ်းစားပေးပါတယ်လို့ တင်ပြအပ်ပါတယ်။ ဒါလေး နမူနာအဖြစ်နဲ့ ကျွန်တော်တို့ တင်ပြပါတယ်။ မိမိကိုယ်တိုင်ဆောင်ရွက်တဲ့ စီမံကိန်းတစ်ခုမှာ ၂၃ ရွာလောက် လူဦးရေ ၁၀၀၀၀ လောက်ရွှေ့လိုက်ရတဲ့နေရာမှာ ဒါတွေဆောင်ရွက်ပေးနိုင်ခဲ့တဲ့ အလေ့အထအစီအစဉ်ရှိပါတယ်လို့ တင်ပြခြင်းဖြစ်ပါတယ်။

ပထမ ပြည်သူကိုရှင်းပြပါတယ်။ မီဒီယာတွေလည်း ဖိတ်ပါတယ်။ စာရင်းကောက်ယူပါတယ်။ ဝိုင်းဖွဲ့ဆွေးနွေးပါတယ်။ ရွာတစ်ရွာချင်းစီအလိုက်။ ပြီးရင် ကျွန်တော်တို့ ထောက်ပံ့ကြေးပေးပါတယ်။ ပြီးရင် ကျွန်တော်တို့ လျှပ်စစ်မီးရရှိရေး ကျေးရွာချင်းဆက်လမ်းတွေ၊ ကျေးရွာလမ်းတွေဖောက်လုပ်ရေး၊ သောက်သုံးရေရရှိရေး၊ စေတီပုထိုး၊ ဘုန်းကြီးကျောင်း၊ ခရစ်ယာန်ဘုရားကျောင်း၊ စာသင်ကျောင်း အခုနောက်ဆုံးပိတ်အခြေအနေကတော့ ဒီလိုဖြစ်လာပါတယ်။ ဒီလိုဖြစ်တဲ့နေရာမှာ ဟောင်းနေတာ၊ သစ်နေတာလေးတွေတွေ့နိုင်ပါတယ်။ ဒါတွေကတော့ သူတို့ရဲ့ သဘောနဲ့ သူတို့ အဟောင်းကိုဖြုတ်လာပြီးတော့ လုပ်တာဖြစ်ပါတယ်။ ကျွန်တော်တို့ပေးတဲ့ထောက်ပံ့ငွေကတော့ အသစ်အတွက်တွက်ချက်ပြီးတော့ ပေးခြင်းဖြစ်ပါတယ်။ သူတို့အနေနဲ့ အပိုဝင်ငွေရရှိသွားတဲ့ သဘောပဲဖြစ်ပါတယ်။

နောက်ဆုံးတစ်ချက်ကတော့ ကျွန်တော်တို့ ဒီနေရာနဲ့ပတ်သက်ပြီးတော့ သွားရောက်ပြီးတော့ ရှင်းလင်းတင်ပြတဲ့အခါမှာ ဒါဆို ကျွန်တော်ဖြစ်ပါတယ်။ ကျွန်တော်ကိုယ်တိုင်ရွာတွေကိုသွားပြီးတော့မှ သက်ဆိုင်ရာ မီဒီယာတွေနဲ့ ပြည်သူတွေကို စနစ်တကျရှင်းလင်းပြီးတော့မှ ကျေနပ်လက်ခံတဲ့အထိ ဆောင်ရွက်ပါတယ်။ အဲဒီလိုပဲ ပြည်နယ်ကလည်းပဲ ပြည်နယ်လျှပ်စစ်နဲ့ စက်မှုဝန်ကြီးကိုယ်တိုင်ပါပြီးတော့ ဆောင်ရွက်ပါတယ်။ အဲဒီမှာ သူတို့ကိုစိတ်ကြိုက် မီဒီယာတွေကို တွေ့ဆုံမေးမြန်းခွင့်ပြုထားပါတယ်။ ရွာထဲမှာ သူတို့ မီဒီယာတွေသွားလာပြီးတော့ မေးမြန်းပြီးတော့မှ မီဒီယာတွေကနေတစ်ဆင့် ရေးသားနေတာတွေလည်း တွေ့မှာဖြစ်ပါတယ်။ ကျွန်တော် အကျဉ်းချုပ်တင်ပြလိုတာကတော့ အမျိုးသားစွမ်းအင်မူဝါဒအသစ်မှာ ကျွန်တော်တို့ ယခင်သဘောတူထားတဲ့ စီမံကိန်းတွေကို ပြည်တွင်းသုံးဦးစားပေးအဖြစ်နဲ့ ပြောင်းလဲဆောင်ရွက်ပါဆိုတဲ့ကိစ္စဆောင်ရွက်နေပြီဖြစ်ပါတယ်။

နောက်တစ်ခုကတော့ လျှပ်စစ်ကဏ္ဍမှာ ရင်းနှီးမြှုပ်နှံလိုသူများအတွက်ကလည်းပဲ နေရာဒေသကို အမျိုးမျိုးဖော်ပြပြီးတော့မှ သူတို့လုပ်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ဖိတ်ခေါ်ခဲ့တာ ၂၀၁၂ ခုနှစ်ကနေစပြီး ဖိတ်ခေါ်ခဲ့တာ ပူးပေါင်းဆောင်ရွက်မှုတွေလုပ်နေပြီလို့ ကျွန်တော် တင်ပြအပ်ပါတယ်။

နောက်တစ်ခုကတော့ Generation Mix မှန်ကန်စေရေးအတွက်လည်းပဲ Electricity Master Plan ကိုလည်းပဲ ရေးဆွဲတာပြီးစီးသည့်အဆင့်ရောက်ပါပြီ။ အဲဒီလိုပဲ တစ်နိုင်ငံလုံးဓာတ်အားရရှိရေး National Electrification Plan ကိုလည်း World Bank နဲ့ရေးဆွဲတာ ပြီးတဲ့အဆင့်ရောက်သွားပါပြီ။ နောက်တစ်ခုကတော့ EIA, SIA တွေကိုလည်း တတိယဂုဏ်သိက္ခာရှိတဲ့ အဖွဲ့အစည်းကို ကျွန်တော် အပ်နှံပြီးတော့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနဲ့ လျှပ်စစ် စွမ်းအားဝန်ကြီးဌာနတို့ပူးပေါင်းပြီးတော့ စနစ်တကျဆောင်ရွက်လျက်ရှိပါကြောင်းတင်ပြအပ်ပါတယ်။ စီမံကိန်းများကြောင့် ဘေးအန္တရာယ်မကျရောက်စေရေးကိစ္စကိုလည်းပဲ ရင်းနှီးမြှုပ်နှံသူဘက်ကရော၊ ပညာရှင်များသာမက မိမိတို့ဘက်က ပညာရှင်များနှင့်ပါ ပူးပေါင်းပြီးတော့ ဆောင်ရွက်လျက်ရှိပါ တယ်။ နောက်တစ်ခုကတော့ စီမံကိန်းဆောင်ရွက်ရာမှာ ထိခိုက်မှုအနည်းဆုံးဖြစ်စေရေးအတွက် ဒေသခံပြည်သူများရဲ့သဘောထားကို အလေးပေးပြီးဆောင်ရွက်ပါတယ်။

နောက်တစ်ခုကတော့ ဒီထက်ပိုပြီးတော့ ကျွန်တော်တို့ အခုမကြာခင်မှာပဲ ဆက်သွားမယ့် စီမံကိန်းတွေဆိုလို့ရှိရင် CSR ကိုပါ ကျွန်တော်တို့ ထည့်သွင်းပြီးတော့ ထူထောင်ပြီးတော့ ဒေသဖွံ့ဖြိုး ရေးလုပ်ငန်းများကို ဆောင်ရွက်သွားမယ့် အစီအစဉ်ကိုပါ ဆောင်ရွက်တော့မှာဖြစ်ပါတယ်။ နောက်ဆုံး အချက်အနေနဲ့ကတော့ ပွင့်လင်းမြင်သာမှုရှိစေရေးအတွက်လည်းပဲ ဒေသတွင်းပြည်သူတွေကို လုပ်ငန်းဆောင်ရွက်မယ့်အချိန်မှာ သွားရောက်ရှင်းလင်းတင်ပြတဲ့အခါမှာ ဆောင်ရွက်ပေးပါတယ်။ သတင်းမီဒီယာများကိုလည်း ဖိတ်ခေါ်ပါတယ်။ ဝန်ကြီးဌာနရဲ့ Website မှာလည်းပဲ အများပြည်သူ ကိုသိရှိနိုင်ဖို့အတွက် တင်ပြထားပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှု ကော်မတီဦးဆောင်မှုဖြင့် ရေးဆွဲလျက်ရှိတဲ့ စွမ်းအင်မူဝါဒအသစ်နှင့်အညီ ပြည်သူတို့၏ လိုလားချက် များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း နိဂုံးချုပ်တင်ပြရင်း ကျွန်တော် အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးဌာနရဲ့ ဆွေးနွေးတင်ပြချက်နဲ့ အဆိုရှင်ရဲ့တင်ပြချက် အပေါ် အဆိုရှင်ရဲ့သဘောထားပြောပါ။

**သူရဦးအောင်ကို(ကန်ပက်လက်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် နှစ်ချက် အကြံပြုတင်ပြချင်ပါတယ်။ အခု ပထမအချက်ကတော့ ခုနက ဒုတိယဝန်ကြီးရှင်းလင်းတင်ပြသွားတဲ့ အမျိုးသားစွမ်းအင်မူဝါဒ ဒါကျွန်တော်တို့ မူကြမ်းဖြစ်ပါတယ်။ အဲဒါ ကျွန်တော်လည်း လေ့လာပြီးပါ ပြီ။ ပြည့်စုံကောင်းမွန်တဲ့ မူဝါဒတစ်ရပ်ဖြစ်ကြောင်းတင်ပြလိုပါတယ်။ ဒါကို အမြန်ဆုံးအတည်ပြုပြီး တော့မှ

ပြည်သူသို့ထုတ်ပြန်ကြေညာပေးရန် ကျွန်တော် တစ်ချက်တင်ပြလိုပါတယ်။ ဒုတိယအချက်အနေနဲ့ ကတော့ မည်သည့်မူဝါဒမဆို ကျွန်တော်တို့က ထာဝရမှန်ကန်နေမယ့် အကြောင်းအရာတွေမဟုတ်ပါဘူး။ ပြောင်းလဲနေတဲ့ ခေတ်ကာလအခြေအနေနဲ့အညီ Update တွေဖြစ်နိုင်အောင်၊ လိုအပ်ချက်တွေလုပ်ပေးနိုင်အောင် ဒါတော့ အရှင်ထားပေးဖို့လည်း ဒုတိယအချက်အနေနဲ့ တင်ပြလိုပါတယ်။ ကျန်တာ အဆိုကို မှတ်တမ်းတင်ပေးဖို့ ဥက္ကဋ္ဌကြီးကိုတင်ပြလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သူရဦးအောင်ကိုတင်သွင်းသွားတဲ့ အဆိုကို သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဆွေးနွေးသွားပါတယ်။ ဒီအဆိုနှင့် စပ်လျဉ်းပြီး လွှတ်တော်ရဲ့အဆုံးအဖြတ်တစ်ပါတည်းရယူမှာဖြစ်ပါတယ်။ သူရဦးအောင်ကို တင်သွင်းသွားတဲ့အဆိုကို မှတ်တမ်းတင်ထားရှိရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ကန့်ကွက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကို တင်သွင်းတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်ထားရှိမှာဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်း၊ ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၈၂ နည်းဥပဒေခွဲ(ခ) အရ ပေးပို့တဲ့ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။ အဆိုတင်သွင်းရန် ဖိတ်ခေါ်ပါတယ်။

**ဦးစိုးနိုင်(ဥက္ကဋ္ဌ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊

ပြည်ထောင်စုအဖွဲ့ဝင်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ယခုအဆိုကို ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးကော်မတီကနေပြီးတော့ တင်သွင်းခြင်းဖြစ်ပြီး ကျွန်တော် ကော်မတီဥက္ကဋ္ဌဖြစ်သူ ဖျာပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးနိုင်မှ ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ တင်သွင်းမယ့်အဆိုကတော့ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်မှ လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်းဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးထားတဲ့ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ ၂၀၁၃ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၃၂)ကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့မှာ အမိန့်ကြော်ငြာစာအမှတ်(၆၇/၂၀၁၃)ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါတယ်။ ဤဥပဒေရဲ့အခန်း(၃)မှာ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ ဖွဲ့စည်းခြင်းနဲ့ လုပ်ငန်းတာဝန်များကို ဖော်ပြထားပါတယ်။ အခန်း(၃)ရဲ့ ပုဒ်မ ၄ မှာ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဦးဆောင်အဖွဲ့ကို ပြည်ထောင်စုအစိုးရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနဲ့ စိုက်ပျိုးရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့မှ ဦးဆောင်ရမယ်လို့ ဖော်ပြပါရှိခဲ့ပါတယ်။ ဦးဆောင်အဖွဲ့ ဖွဲ့စည်းခြင်းကိုတော့ ပြည်ထောင်စုအစိုးရအဖွဲ့ကနေပြီးတော့ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး ဥပဒေပါအတိုင်း ဖွဲ့စည်းပေးကြောင်း သိရှိရပါတယ်။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေဟာ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းရှိတဲ့ တောင်သူလယ်သမားထုတစ်ရပ်လုံးနဲ့ တိုက်ရိုက်ပတ်သက်လျက်ရှိခြင်း၊ ဆောင်ရွက်ရမယ့်လုပ်ငန်းတာဝန်များတွင်လည်းပဲ ဘဏ္ဍာငွေကြေးကိစ္စများပါဝင်ခြင်း၊ တောင်သူလယ်သမားနဲ့သက်ဆိုင်သော အခွင့်အရေးများ ဆုံးရှုံးနစ်နာမှုမရှိအောင် ဥပဒေနဲ့အညီ ဆောင်ရွက်ပေးရမည်ဖြစ်ခြင်းတို့ကြောင့် ဦးဆောင်သောအဖွဲ့အား ဒုတိယသမ္မတတစ်ဦးကိုယ်တိုင် ဦးဆောင်ခြင်းဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်ရှိပုဂ္ဂိုလ်များကို ထိရောက်စွာ ပေါင်းစပ်ညှိနှိုင်းပေးနိုင်ပြီး တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့များနှင့်လည်း ဆက်သွယ်ဆောင်ရွက်ရန် လွယ်ကူချောမွေ့သွားမှာဖြစ်ပါတယ်။ တောင်သူလယ်သမားနဲ့ပတ်သက်သော ဆောင်ရွက်ပေးသင့်တဲ့ ကိစ္စအဝဝကိုလည်းပဲ ပိုမိုလျင်မြန်စွာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးနိုင်မည့်အကျိုး မလွဲမသွေ

ဖြစ်ပေါ်လာမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဤဥပဒေပါရည်ရွယ်ချက်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်နဲ့ ဦးဆောင်အဖွဲ့၏ လုပ်ငန်းတာဝန်များကို ပီပြင်စွာဆောင်ရွက်နိုင်ရန် အတွက် ပြင်ဆင်သည့်ဥပဒေကြမ်းကို ရေးဆွဲတင်သွင်းရခြင်းဖြစ်ပါတယ်။ ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များသို့လည်းပဲ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ သို့ပါ၍ ယခုအဆိုအား လွှတ်တော်ကိုယ်စားလှယ်များမှ လက်ခံဆွေးနွေးပေးပါရန် လွှတ်တော်သို့ လေးစားစွာ အဆိုတင်သွင်း အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆိုအား ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါ တယ်။

**ဦးဇော်ထွန်း(လပွတ္တာမဲဆန္ဒနယ်)**။ ။ မင်္ဂလာပါခင်ဗျား။ ရိုသေလေးစားရပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့် တာဝန်ရှိသူများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါ တယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စား လှယ် ဦးဇော်ထွန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ပြင်ဆင်ချက်တင်သွင်းထားတဲ့ တောင်သူလယ်သမား အခွင့် အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း တင်သွင်းရာမှာ အဓိကအချက်သုံးချက်ကို လေ့လာတွေ့ရှိခဲ့ပါတယ်။ အဲ့ဒါတွေကတော့ (၁) ဦးဆောင်အဖွဲ့ရဲ့ ခေါင်းဆောင်တာဝန်ကို ပြောင်းလဲတာဝန်ပေးအပ်ခြင်းနှင့် (၂) ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး အစိုးရတို့ ဆက်သွယ်ဆောင်ရွက်မှုလုပ်ငန်းတွေ၊ (၃) ပါဝင်သင့်တဲ့ အသင်းအဖွဲ့များ ထပ်မံပါဝင်ခြင်း တို့ပဲဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်သမားထုတစ်ရပ်လုံးရဲ့အရေးကိစ္စဟာ နိုင်ငံတော်နှင့် ကျေးလက်နေပြည်သူ ၇၀ ရာခိုင်နှုန်းရဲ့ အရေးကိစ္စဖြစ်တဲ့အပြင် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အရေးကိစ္စနှင့်လည်း ဆက်စပ်နေတာ တွေ့ရှိရပါတယ်။ လယ်သမားများဟာ ရာသီဥတုဖောက်ပြန်မှု ကြောင့် သဘာဝဘေးအန္တရာယ်များကြုံတွေ့ရသလို နည်းပညာ လိုအပ်မှု၊ သွင်းအားစုလိုအပ်မှုများနှင့် မပြည့်စုံတာ အမြဲကြုံတွေ့နေရပါတယ်။ အဲ့ဒီလုပ်ငန်းစဉ်တွေဟာ ကြီးမားကျယ်ပြန့်တယ်။ ချက်ချင်း လုပ်ရမယ့်လုပ်ငန်းတွေ တစ်ခါတလေရှိသလို ရေတိုရေရှည်လုပ်ရမယ့်လုပ်ငန်းများလည်း ပါဝင်တဲ့ အတွက် ယခင်ဖွဲ့စည်းထားတဲ့ ဦးဆောင်အဖွဲ့ရဲ့ ဝန်ကြီးဌာနသုံးခုက ဝန်ကြီးတွေကို ဦးဆောင်စေခြင်းနဲ့ ပိုမိုပြည့်စုံနိုင်အောင် လက်ရှိပြင်ဆင်ချက်ဥပဒေမှာ ဦးဆောင်အဖွဲ့ကို ဒုတိယသမ္မတက ဦးဆောင်စေ

ခြင်းဟာ ပိုမိုသင့်တော်ကြောင်း တွေ့ရှိရပါတယ်။ တချို့လုပ်ငန်းတွေမှာ အရေးပေါ်ချက်ချင်းဆောင်ရွက်ရမယ့်လုပ်ငန်းတွေ၊ ပြည်ထောင်စုအစိုးရနဲ့ တိုင်းဒေသကြီးအစိုးရတို့ အပြန်အလှန်ဆက်နွယ်ဆောင်ရွက်ရမယ့်လုပ်ငန်းတွေ ရှိလာမှာဖြစ်တဲ့အပြင် တောင်သူလယ်သမားကိုယ်စားပြု အသင်းအဖွဲ့များအပြင် ဦးဆောင်အဖွဲ့မှာ တခြားသင့်တော်တဲ့ အသင်းအဖွဲ့များလည်း ပါဝင်သင့်တဲ့အတွက် အခုစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ၊ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးနိုင် အဆိုတင်သွင်းထားတဲ့ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အလေးအနက်ထောက်ခံပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒါ့ကြောင့် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် အတည်ပြုကြောင်းနဲ့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် သက်ဆိုင်ရာကော်မတီသို့ လွှဲအပ်မည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော်ကပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပေးပို့သော အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်းနှင့် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသောအသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းကို ၃၁-၇-၂၀၁၄ ရက်နေ့တွင် လက်ခံရရှိပါတယ်။ ကိုယ်စားလှယ်များထံလေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ဖြန့်ဝေထားပါတယ်။ ယင်းဥပဒေ

ကြမ်းနှင့်စပ်လျဉ်းပြီးပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းဖို့ ဖြစ်ပါတယ်။ အစီရင်ခံစာတင်သွင်းရန် ဥပဒေကြမ်းကော်မတီအားဖိတ်ခေါ်အပ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကော်မတီရဲ့အစီရင်ခံစာကိုကော်မတီရဲ့ တာဝန်ပေးချက်အရ ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

၁။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပေးပို့လာသောအသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာ၊ ပြည်ထောင်စုအစိုးရအဖွဲ့ကပေးပို့လာသော အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းအား အမျိုးသားလွှတ်တော်၌ ၁၈-၇-၂၀၁၄ ရက်နေ့တွင် စတင် တင်သွင်းခဲ့ပြီး ၂၉-၇-၂၀၁၄ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေးတွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုပြီးနောက် ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါသည်။

၂။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းအား စက်မှုဝန်ကြီးဌာနက အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ရေးဆွဲတင်ပြလာခြင်းဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

(က) နိုင်ငံအဝန်း စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်၊

(ခ) အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးရန်၊

(ဂ) ဝင်ငွေအသစ်များရရှိစေရန်၊

(ဃ) လူနေမှုအဆင့်အတန်းတိုးတက်စေရန်၊

(င) စီးပွားရေးနှင့် စပ်ဆက်သည့် သတင်းအချက်အလက် နည်းပညာအထောက်အကူပြုဝန်ဆောင်မှုများ ငွေကြေးပံ့ပိုးမှုများ လွယ်ကူစွာရရှိနိုင်စေရန်၊

(စ) ပြည်တွင်းပြည်ပဈေးကွက်များသို့ လက်လှမ်းမီစေရန်၊

(ဆ) ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် တိုးတက်ကောင်းမွန်သောပတ်ဝန်းကျင်တစ်ရပ်ကို ဖော်ဆောင်ပေးရန်၊

၃။ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၀-၉-၂၀၁၄ ရက်နေ့တွင် ပြည်သူ့လွှတ်တော် ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင်များ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ ဥပဒေပြုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ အဖွဲ့ဝင်များနှင့် စက်မှုဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ ပါအခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကို လေ့လာစိစစ်ခဲ့ကြရာ တွေ့ရှိချက်နှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(၁) အမျိုးသားလွှတ်တော်က ပြင်ဆင်အတည်ပြုချက်များဖြင့် ပေးပို့လာသော ဤဥပဒေကြမ်းတွင် အခန်းပေါင်း (၁၅) ခန်းနှင့် ပုဒ်မပေါင်း (၃၈) ခု ပါရှိပါသည်။

(၂) အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက် (၁၂၇) ချက်အနက် (၅၉) ချက်အား အမျိုးသားလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်အတိုင်း သဘောတူလက်ခံခဲ့ပါသည်။

(၃) အခန်း (၁)၊ အပိုဒ် ၂ အပိုဒ်ခွဲ(က)တွင် ပါရှိသော အထိရှိသော စကားရပ်များအား ထက်မပိုသောဟု ပြင်ဆင်သဖြင့် ဤဥပဒေရှိ အထိရှိသော စကားရပ်များအား ထက်မပိုသော ဟု အသီးသီး ပြင်ဆင်ပါသည်။

(၄) အပိုဒ် ၂ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၁)အား ထုတ်လုပ်မှုလုပ်ငန်းကို အဓိကလုပ်ကိုင်သော လုပ်ငန်းဖြစ်လျှင် အမြဲတမ်း ၅၁ ဦးမှ ဝန်ထမ်း ၃၀၀ ဦး ထက်မပိုသော သို့မဟုတ် မတည်ရင်းနှီးငွေကျပ် သန်း ၅၀၀ အထက်မှ ကျပ်သန်း ၁၀၀၀ ထက်မပိုသောလုပ်ငန်းဟု ပြင်ဆင်ပါသည်။

(၅) အပိုဒ် ၂ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၂)အား လုပ်အားအခြေပြု ထုတ်လုပ်မှုလုပ်ငန်း သို့မဟုတ် လက်ခစားလုပ်ငန်းကို အဓိကလုပ်ကိုင်သော လုပ်ငန်းဖြစ်လျှင် အမြဲတမ်း ဝန်ထမ်း ၃၀၁ ဦးမှ ၆၀၀ ဦး ထက်မပိုသော သို့မဟုတ် မတည်ရင်းနှီးငွေကျပ် သန်း ၅၀၀ အထက်မှ ကျပ် သန်း ၁၀၀၀ ထက်မပိုသောလုပ်ငန်း ဟု ပြင်ဆင်ပါသည်။

**မူကြမ်း**

( ၆) အပိုဒ် ၂ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၃)အား လက်ကားရောင်းဝယ်ရေးလုပ်ငန်းကို အဓိကလုပ်ကိုင်သော လုပ်ငန်းတစ်ခုဖြစ်လျှင် အမြဲတမ်းဝန်ထမ်း ၃၁ ဦးမှ ၆၀ ဦး ထက်မပိုသော သို့မဟုတ် လွန်ခဲ့သောနှစ်၏ တစ်နှစ်ဝင်ငွေကျပ် သန်း ၁၀၀ အထက်မှ ကျပ်သန်း ၃၀၀ ထက်မပိုသောလုပ်ငန်းဟု ပြင်ဆင်ပါသည်။

( ၇) အပိုဒ် ၂ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၄)အား လက်လီရောင်းဝယ်ရေးလုပ်ငန်းကို အဓိကလုပ်ကိုင်သော လုပ်ငန်းတစ်ခုဖြစ်လျှင် အမြဲတမ်းဝန်ထမ်း ၃၁ ဦးမှ ၆၀ ဦး ထက်မပိုသော သို့မဟုတ် လွန်ခဲ့သောနှစ်၏ တစ်နှစ်ဝင်ငွေကျပ် သန်း ၅၀ အထက်မှ ကျပ်သန်း ၁၀၀ ထက်မပိုသောလုပ်ငန်းဟု ပြင်ဆင်ပါသည်။

( ၈) အပိုဒ် ၂ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၅)အား ဝန်ဆောင်မှုပေးသည့်လုပ်ငန်းကို အဓိကလုပ်ကိုင်သော လုပ်ငန်းတစ်ခုဖြစ်လျှင် အမြဲတမ်းဝန်ထမ်း ၅၁ ဦးမှ ၁၀၀ ဦး ထက်မပိုသော သို့မဟုတ် လွန်ခဲ့သောနှစ်၏ တစ်နှစ် ဝင်ငွေ ကျပ်သန်း ၁၀၀ အထက်မှ ကျပ်သန်း ၂၀၀ ထက်မပိုသောလုပ်ငန်းဟု ပြင်ဆင်ပါသည်။

( ၉) အပိုဒ် ၂ အပိုဒ်ခွဲ(ခ) အပိုဒ်ခွဲငယ်(၆) အား အထက်အပိုဒ်ခွဲငယ် ၁၊ ၂၊ ၃၊ ၄ နှင့် ၅ တို့မှအပ အခြားလုပ်ငန်းတစ်ခုဖြစ်လျှင် အမြဲတမ်းဝန်ထမ်း ၃၁ ဦးမှ ၆၀ ဦး ထက်မပိုသော သို့မဟုတ် လွန်ခဲ့သောနှစ်၏ တစ်နှစ် ဝင်ငွေ ကျပ်သန်း ၅၀ အထက်မှ ကျပ်သန်း ၁၀၀ ထက်မပိုသောလုပ်ငန်းဟု ပြင်ဆင်ပါသည်။ ထို့အပြင် အပိုဒ် ၂ အပိုဒ်ခွဲ (ဂ) ရှိ လုပ်ကိုင်သည့် စကားရပ်နောက်တွင် ရာနှုန်းပြည့်နိုင်ငံသား စကားရပ်အား ဖြည့်စွက်၍ လုပ်ကိုင်သည့်ရာနှုန်းပြည့်နိုင်ငံသား ဟု ပြင်ဆင်ပါသည်။

(၁၀) အပိုဒ် ၂ အပိုဒ်ခွဲ(ည)ရှိ ဖွဲ့စည်းတာဝန်ပေးအပ်သည့် အဖွဲ့ကိုဆိုသည် စကားရပ်အား ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းက ဖွဲ့စည်းတာဝန်ပေးအပ်သည့်အဖွဲ့ကိုဆိုသည်ဟု ပြင်ဆင်ပါသည်။

(၁၁) အခန်း (၂) အပိုဒ် ၃ အပိုဒ်ခွဲ (ခ) ရှိ ယှဉ်ပြိုင်နိုင်စွမ်းရည် စကားရပ်အား ယှဉ်ပြိုင်နိုင်မှုစွမ်းရည် ဟု ပြင်ဆင်ပါသည်။

(၁၂) အပိုဒ် ၃ အပိုဒ်ခွဲ(ဂ)ရှိ အလုပ်အကိုင် အခွင့်အလမ်းသစ်များနှင့်အတူ စကားရပ်၏ ရှေ့တွင် အဓိပ္ပာယ် ပိုမိုပြည့်စုံစေရန် ပြည်သူများ စကားရပ်အား ဖြည့်စွက်၍ ပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းသစ်များနှင့်အတူဟု ပြင်ဆင်ပါသည်။

(၁၃) အခန်း (၃) အပိုဒ် ၄ အပိုဒ်ခွဲ(က)ရှိ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရန်အတွက် စကားရပ်အား ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရန်ဟုလည်းကောင်း၊ လျှော့ချနိုင်နိုင်ရန် စကားရပ်အား လျှော့ချစေရန် ဟုလည်းကောင်း အသီးသီး ပြင်ဆင်ပါသည်။

(၁၄) အပိုဒ် ၄ အပိုဒ်ခွဲ(ခ)ရှိ လုပ်ငန်းများအနေဖြင့် စကားရပ်အား လုပ်ငန်းများကိုဟု လည်းကောင်း၊ ယှဉ်ပြိုင်နိုင်စွမ်းရည် စကားရပ်အား ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ဟု လည်းကောင်း အသီးသီး ပြင်ဆင်ပါသည်။

(၁၅) အပိုဒ် ၄ အပိုဒ်ခွဲ(ဂ)ရှိ စီးပွားရေးလုပ်ငန်းများကို စကားရပ်အား အဓိပ္ပာယ် ပိုမို ပြည့်စုံစေရန် အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကိုဟု ပြင်ဆင်ပါသည်။

(၁၆) အပိုဒ် ၄ အပိုဒ်ခွဲ(င)အား အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများကို သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားဝန်းကျင်တို့အား ဆိုးကျိုးသက်ရောက်မှု အနည်းဆုံး ဖြင့် သယံဇာတအရင်းအမြစ်များ စဉ်ဆက်မပြတ် တိုးတက်ရရှိစေရေးအတွက် စီမံ ဆောင်ရွက်စေခြင်းဟု ပြင်ဆင်ပါသည်။

(၁၇) အပိုဒ် ၄ အပိုဒ်ခွဲ(စ)ရှိ စီးပွားရေး လုပ်ငန်းရှင်များကို စကားရပ်အား အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များကိုဟု ပြင်ဆင်ပါသည်။

(၁၈) အပိုဒ် ၅ အပိုဒ်ခွဲ(ဂ)အဖြစ် ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသော အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီကို လိုအပ်သလို ပြင်ဆင် ဖွဲ့စည်းနိုင်သည်ဟု အသစ်ဖြည့်စွက်ပါသည်။

(၁၉) အပိုဒ် ၆ အပိုဒ်ခွဲ(က)ရှိ မူဝါဒများ ချမှတ်ခြင်း စကားရပ်နှင့် နှင့်အဓိပ္ပာယ်ဖွင့်ဆိုခြင်း စကားရပ်တို့အား ပယ်ဖျက်ပါသည်။

(၂၀) အပိုဒ် ၆ အပိုဒ်ခွဲ(ခ)ရှိ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စကားရပ်အား ဖွံ့ဖြိုးတိုးတက်ရေးကို ဟုလည်းကောင်း၊ အပိုဒ်ခွဲ(ဃ)ရှိ ဖွံ့ဖြိုးရေးစကားရပ်အား ဖွံ့ဖြိုးရေးကိုဟုလည်းကောင်း ပြင်ဆင်ပါသည်။

**မူကြမ်း**

(၂၁) အပိုဒ် ၆ အပိုဒ်ခွဲ(ဆ)ရှိ စွမ်းအင်ချွေတာ သုံးစွဲရေး စကားရပ်များအား စွမ်းအင်ကို အကျိုးရှိစွာ အသုံးချရေးဟု ပြင်ဆင်ပြီး၊ ဤဥပဒေတွင်ပါရှိသော စွမ်းအင်ချွေတာ သုံးစွဲရေး စကားရပ်များအား စွမ်းအင်ကို အကျိုးရှိစွာ အသုံးချရေးဟု ပြင်ဆင်ပါသည်။

(၂၂) အခန်း(၅) အပိုဒ် ၇ အပိုဒ်ခွဲ(က)ရှိ သက်ဆိုင်ရာ ဝန်ကြီးဌာန စကားရပ်အား သက်ဆိုင်ရာဝန်ကြီးဌာနများဟု ပြင်ဆင်ပါသည်။

(၂၃) အပိုဒ် ၇ အပိုဒ်ခွဲ(ဂ)အဖြစ် ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသော အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည် ဟု အသစ်ဖြည့်စွက်ပါသည်။

(၂၄) အပိုဒ် ၈ အပိုဒ်ခွဲ(စ)ရှိ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ် စကားရပ်အား အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် သက်ဆိုင်ရာဘဏ်များဟု ပြင်ဆင်ပါသည်။

(၂၅) အပိုဒ် ၈ အပိုဒ်ခွဲ(ဋ)အဖြစ် ဗဟိုကော်မတီက အခါအားလျော်စွာ ပေးအပ်သည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်းဟု အသစ်ဖြည့်စွက်ပါသည်။

(၂၆) အခန်း(၆) အပိုဒ် ၁၀ အား လုပ်ငန်းကော်မတီသည် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ဌာနအကြီးအမှူးများ၊ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ပညာရှင်များနှင့် သင့်လျော်သည့် ပုဂ္ဂိုလ်များ ပါဝင်သည့် အေဂျင်စီ ဒါရိုက်တာအဖွဲ့ကို ဖွဲ့စည်းရမည် ဟု ပြင်ဆင်ပါသည်။

(၂၇) အပိုဒ် ၁၁ အား နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်သော ဒုတိယဝန်ကြီးတစ်ဦးက အေဂျင်စီဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည် ဟု ပြင်ဆင်ပါသည်။

(၂၈) အပိုဒ် ၁၃ အပိုဒ်ခွဲ(င)အား အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော အကြံဉာဏ်ပေးခြင်း၊ အလုပ်ရုံ ဆွေးနွေးပွဲများ ကျင်းပခြင်းနှင့် သင်တန်းများပေးခြင်း ဟု ပြင်ဆင်ပါသည်။

(၂၉) အပိုဒ် ၁၃ အပိုဒ်ခွဲ(စ)အား အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ တည်ထောင်နိုင်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်းဟု ပြင်ဆင်ပါသည်။

(၃၀) အပိုဒ် ၁၃ အပိုဒ်ခွဲ(ည)ရှိ ပတ်သက်သော စကားရပ်အား စပ်ဆိုင်သောဟု ပြင်ဆင်ပါသည်။

(၃၁) အပိုဒ် ၁၃ အပိုဒ်ခွဲ(ပ)ရှိ ၃ နှစ် စကားရပ်အား သုံးနှစ်ဟုလည်းကောင်း၊ ခွင့်ပြုခြင်း စကားရပ်အား ခွင့်ပြုပြီးနောက် ဟုလည်းကောင်း၊ အေဂျင်စီသို့ လမ်းညွှန်ခြင်း စကားရပ်အား အေဂျင်စီအား လမ်းညွှန်ခြင်းဟုလည်းကောင်း အသီးသီးပြင်ဆင်ပါသည်။

(၃၂) ဤဥပဒေတွင် ပါရှိသော ဘေးခေါင်းစဉ်များအား ပယ်ဖျက်ပါသည်။

(၃၃) အခန်း(၈) အပိုဒ် ၂၁ ရှိ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်သည် စကားရပ်အား စီးပွားရေးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များသည်ဟု ပြင်ဆင်ပါသည်။

(၃၄) အပိုဒ် ၂၃ အပိုဒ်ခွဲ(က)ရှိ မှတ်ချက်အား ပယ်ဖျက်ပါသည်။

(၃၅) အပိုဒ် ၂၃ အပိုဒ်ခွဲ(ဂ)အား မိမိလုပ်ငန်း၏ စာရင်းဇယားမှတ်တမ်းများကို သတ်မှတ်ချက်များနှင့်အညီ ပြုစုထိန်းသိမ်းထားရှိခြင်း၊ လိုအပ်ချက်နှင့်အညီ သက်ဆိုင်ရာတို့၏ စစ်ဆေးမှုကို ခံယူခြင်းဟု ပြင်ဆင်ပါသည်။

(၃၆) အပိုဒ် ၂၃ အပိုဒ်ခွဲ(ဃ)အား ပယ်ဖျက်ပါသည်။

(၃၇) အပိုဒ် ၂၃ အပိုဒ်ခွဲ(ဆ)အား အပိုဒ်ခွဲ(စ)အဖြစ် ပြည်တွင်းပြည်ပမှ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများ၊ ကုန်စည်ပြပွဲနှင့် ပြိုင်ပွဲများသို့ အေဂျင်စီ၏ အစီအစဉ်ဖြင့် တက်ရောက်နိုင်ခြင်းဟု ပြင်ဆင်ပါသည်။

(၃၈) အပိုဒ် ၂၃ အပိုဒ်ခွဲ(ဇ)အား အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဆ) အစိုးရဝန်ကြီးဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများမှ ထောက်ပံ့သည့် ငွေကြေးနှင့် အခြားဝန်ဆောင်မှုများရရှိရန် အေဂျင်စီမှတစ်ဆင့် လျှောက်ထားနိုင်ခြင်း၊

(ဇ) အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေမှ ချေးငွေရယူ ဆောင်ရွက်နိုင်ရန် အေဂျင်စီမှတစ်ဆင့် ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့သို့ လျှောက်ထားနိုင်ခြင်း၊

(၃၉) အပိုဒ် ၂၃ အပိုဒ်ခွဲ(ဈ)အား ပြည်တွင်းပြည်ပ စီးပွားရေးကွန်ရက်များတွင် အေဂျင်စီ၏ အစီအစဉ်ဖြင့် ပါဝင်နိုင်ခြင်း ဟု ပြင်ဆင်ပါသည်။

(၄၀) အခန်း (၇) အပိုဒ် ၁၇ အပိုဒ်ခွဲ(က)ရှိ နိုင်ငံတော်ဘတ်ဂျက်တွင်စကားရပ်အား ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ခန့်မှန်းခြေငွေစာရင်းတွင်ဟုလည်းကောင်း၊ တဆင့် တစ်ဆင့်ဟုလည်းကောင်း ပြင်ဆင်ပါသည်။

(၄၁) အပိုဒ် ၁၇ အပိုဒ်ခွဲ(ဃ)အား အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအား သက်ဆိုင်ရာ ဘဏ်တစ်ခုခုမှဖြစ်စေ ငွေရေး ကြေးရေး အဖွဲ့အစည်းတစ်ခုခုမှ တစ်ဆင့်ဖြစ်စေ၊ အတိုးမဲ့ သို့မဟုတ် သက်သာသော အတိုးနှုန်းဖြင့် ငွေချေးခြင်းဟု ပြင်ဆင်ပါသည်။

(၄၂) အပိုဒ် ၁၇ အပိုဒ်ခွဲ(စ)ရှိ ငွေထုတ်ချေးရာတွင်စကားရပ်အား ငွေချေးရာတွင်ဟု ပြင်ဆင်ပါသည်။

(၄၃) အပိုဒ် ၁၇ အပိုဒ်ခွဲ(ဆ)အား အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအား ငွေချေးရာတွင် ဆုံးရှုံးမှုများ ကာကွယ်နိုင်ရန်အတွက် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ ချေးငွေအာမခံစနစ် ကျင့်သုံးဆောင်ရွက်ခြင်းဟု ပြင်ဆင်ပါသည်။

(၄၄) အပိုဒ် ၁၈ ရှိ အကောင်အထည်ဖော်နိုင်ရန် စကားရပ်အား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်ဟု ပြင်ဆင်ပါသည်။

(၄၅) အခန်း(၉) အပိုဒ် ၂၄ အား အေဂျင်စီသည် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများနှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များကို ကောက်ယူခြင်း၊ မှတ်တမ်းတင်ထားရှိခြင်းနှင့် လိုအပ်ချက်နှင့်အညီ အသုံးပြုခြင်းတို့ကို ဆောင်ရွက်နိုင်ရန် အောက်ပါတို့ကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းစီစဉ် ဆောင်ရွက်ရမည် ဟု ပြင်ဆင်ပါသည်။

(၄၆) အခန်း(၁၀)၊ အပိုဒ် ၂၅ ရှိ ယှဉ်ပြိုင်မှု မြှင့်တင်နိုင်ရေးအတွက် စကားရပ်အား ယှဉ်ပြိုင်မှု မြှင့်တင်နိုင်ရေးတို့အတွက် ဟု ပြင်ဆင်ပါသည်။

(၄၇) အပိုဒ် ၂၅ အပိုဒ်ခွဲ(င)ရှိ စွမ်းရည် မြှင့်တင်ရန်အတွက်စကားရပ်အား စွမ်းရည် မြှင့်တင်နိုင်ရန် ဟု ပြင်ဆင်ပါသည်။

(၄၈) အခန်း(၁၁)၊ အပိုဒ် ၂၆ အပိုဒ်ခွဲ(င)ရှိ သိရှိကျွမ်းဝင်စေခြင်းစကားရပ်အား သိရှိကျွမ်းဝင်စေခြင်းနှင့်ဟု ပြင်ဆင်ပါသည်။

(၄၉) အခန်း(၁၂) အပိုဒ် ၂၇ ရှိ ယှဉ်ပြိုင်နိုင်စွမ်းရည် ရှိစေရန်အတွက် အောက်ပါ အချက်အလက်များ စကားရပ်အား ယှဉ်ပြိုင်နိုင်စွမ်းရည်ရှိစေရန် အောက်ပါ ကိစ္စရပ်များဟု ပြင်ဆင်ပါသည်။

(၅၀) အပိုဒ် ၂၇ အပိုဒ်(ခ)ရှိ တည်ထောင်ဆောင်ရွက်သူဖြစ်ခြင်း စကားရပ်အား ဆောင်ရွက်ခြင်းဟု ပြင်ဆင်ပါသည်။

(၅၁) အပိုဒ် ၂၇ အပိုဒ်ခွဲ(ဂ)ရှိ အသုံးပြုသည့် စကားရပ်အား အသုံးပြု၍ဟု ပြင်ဆင်ပါသည်။

(၅၂) အပိုဒ် ၂၇ အပိုဒ်ခွဲ(ဃ)ရှိ ထိရောက်စွာအသုံးပြုရေး ဆိုသည့်စကားရပ်ကို ပယ်ဖျက်ပါသည်။

(၅၃) အပိုဒ် ၂၇ အပိုဒ်ခွဲ(င)ရှိ ပျက်စီးဆုံးရှုံးမှု ရှိသောစကားရပ်အား ပျက်စီးဆုံးရှုံးသည့်ဟု ပြင်ဆင်ပြီး၊ ရှင်သန်နိုင်ဆိုသည့် စကားရပ်အား ပယ်ဖျက်ပါသည်။

(၅၄) အခန်း(၁၃) အပိုဒ် ၂၈ ရှိ စွန့်ဦးတီထွင်သော စကားရပ်အား စွန့်ဦးတီထွင်မှုပြုသောဟု ပြင်ဆင်ပါသည်။

(၅၅) အပိုဒ် ၂၈ အပိုဒ်ခွဲ(ခ)ရှိ သက်သာသည့် နှုန်းထားဖြင့် စကားရပ်အား ပယ်ဖျက်ပါသည်။

(၅၆) အခန်း(၁၄) အပိုဒ် ၂၉ အား အောက်ပါအတိုင်း ပြင်ဆင်ပါသည် -

၂၉။ အေဂျင်စီသည် -

(က) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများသည် လိုင်စင်၊ ခွင့်ပြုချက် သို့မဟုတ် မှတ်ပုံတင်ရန် လိုအပ်သည့် လုပ်ငန်း

ဖြစ်ပါက သက်ဆိုင်ရာ လိုင်စင်၊ ခွင့်ပြုချက် သို့မဟုတ် မှတ်ပုံတင် လက်မှတ် တင်ပြနိုင်လျှင် မှတ်ပုံတင်ခွင့် ပြုရမည်။

(ခ) အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများသည် လိုင်စင်၊ ခွင့်ပြုချက် သို့မဟုတ် မှတ်ပုံတင်ရန် လိုအပ်သည့် လုပ်ငန်း မဟုတ်ပါက အောက်ပါသတ်မှတ်ချက်များနှင့် ညီညွတ်လျှင် မှတ်ပုံတင်ခွင့်ပြုရမည် -

(၁) ပတ်ဝန်းကျင်တွင် နေထိုင်လျက်ရှိသော ပြည်သူများ၏ ကျန်းမာရေးကို ထိခိုက်မှုမရှိခြင်း

(၂) သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွား ပတ်ဝန်းကျင် အပေါ် ဆိုးကျိုးသက်ရောက်မှု အနည်းဆုံးဖြစ်ခြင်း၊ ပြန်လည် ထိန်းသိမ်းရေးလုပ်ငန်းများကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ပေးနိုင်ခြင်း

(၃) မီးဘေးအန္တရာယ်ကင်းရှင်းခြင်း

(၄) လုပ်ငန်းခွင် ဘေးအန္တရာယ်နှင့် ကျန်းမာရေး ထိခိုက်မှု မရှိခြင်း။

(၅၇) အပိုဒ် ၃၁ အပိုဒ်ခွဲ (ဂ) အား ပုဒ်မ ၁၃ ပုဒ်မခွဲ (ဃ) အရ အရေးယူရန် အေဂျင်စီ ဒါရိုက်တာ အဖွဲ့က ညွှန်ကြားခြင်းဟု ပြင်ဆင်ပါသည်။

၃။ သို့ဖြစ်ပါ၍ အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်း အား လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နဲ့အညီ လွှတ်တော်သို့ ဖတ်ကြားရှင်းလင်းအစီရင်ခံ တင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ ဥပဒေကြမ်းကော်မတီ။

**အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းကိုဆွေးနွေး၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များအမည်စာရင်း တင်သွင်း နိုင်ကြောင်း ကြေညာခြင်း**

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အသေးစားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူ များသည် ပြင်ဆင်လိုသည့် ဥပဒေ၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကိုတိတိကျကျဖော်ပြ၍ ၂၆-၉-၂၀၁၄ ရက် (သောကြာနေ့) နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိ ပေးကြေညာပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့သော စစ်ဘက်ရာထူးနှင့် အဆင့် အခေါ်အဝေါ်များသုံးစွဲခြင်းကို ကန့်သတ်သည့်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီးပြင်ဆင်ချက်မရှိအတည်ပြု၍ ပေးပို့လာသော စစ်ဘက် ရာထူးနှင့် အဆင့်၊ အခေါ်အဝေါ်များသုံးစွဲခြင်းကိုကန့်သတ်သည့် ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း ကိုပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပထမနေ့ဖြစ်သော ၁၁-၉-၂၀၁၄ ရက်နေ့တွင် လက်ခံရရှိကြောင်းအသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းများပြုလုပ်ခဲ့ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်း ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာအချက်အလက်များကိုတိကျစွာရေးသားဖော်ပြ၍ ၁၆-၉-၂၀၁၄ ရက်နေ့ နောက်ဆုံး ထားပြီးအမည်စာရင်းပေးပို့ကြရန် တောင်းခံခဲ့ပြီးလည်းဖြစ်ပါတယ်။ ယနေ့ထိ ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုတဲ့ ကိုယ်စားလှယ်တစ်ဦးမျှမရှိပါ။ ဒါကြောင့် စစ်ဘက်ရာထူးနှင့် အဆင့် အခေါ်အဝေါ်များသုံးစွဲခြင်းကို ကန့်သတ်သည့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်မရှိအတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။ သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် စစ်ဘက်ရာထူးနှင့်အဆင့်အခေါ်အဝေါ်များ သုံးစွဲခြင်းကို ကန့်သတ်သည့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကိုပြင်ဆင်ချက်မရှိသဘောတူကြောင်းနဲ့ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၉ အရဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကြေညာပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး သတ္တမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး အဋ္ဌမနေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ ရပ်နားပါ့မယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို မနက်ဖြန် ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက် (ဗုဒ္ဓဟူးနေ့) ၁၀း၀၀နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။

**အချိန်၊ ၁၂း၀၅**။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၁၂း၀၅ နာရီအချိန်တွင်ရပ်နားပါသည်။]